မိုးကြိုး
The Lightning သတင်းစဉ်

၁၃၆၁ ခုနှစ်၊ ဝါခေါင်လ | ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ | အမှတ်(၆)

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ**

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်**

# လွှတ်တော်ကိုယ်စားပြုကော်မတီသို့ ရေးရာကော်မတီများမှ အကြံပြုစာတမ်းများ တင်သွင်းပြီးပြီ



ရှေ့တန်း၊ ဝဲမှယာ – ဦးလွင်၊ ဦးအေးသာအောင်၊ ဦးအောင်ရွှေ၊ ဦးသန်းထွန်း၊ ဦးတင်ဦး
နောက်တန်း၊ ဝဲမှယာ – ဦးလှဖေ၊ ဦးစိုးမြင့်၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ၊ ဒေါ်အောင်ဆန်းစုကြည်

၁၉၉၉ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့က ပြည့်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအစည်းအဝေးကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် တိုင်းရင်းသားရေးရာကော်မတီက တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်သော အကြံပြုစာတမ်း ဘဏ္ဍာ၊ စီးပွား ကုန်သွယ်ရေးရာကော်မတီက စီးပွားရေး၊ ဘဏ္ဍာရေး အစရှိသည်များနှင့်ပတ်သက်သော အကြံပြုစာတမ်း၊ ကျန်းမာရေး၊ လူမှုရေးကော်မတီက ဆေးရုံများ၊ ဆေးပေးခန်းများ ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေး အစရှိသည်တို့နှင့် ပတ်သက်သော အကြံပြုစာတမ်း၊ အလုပ်သမားရေးရာကော်မတီက အလုပ်သမားရေးရာနှင့်ပတ်သက်သော အကြံပြုစာတမ်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီက ပြည်သူ့လွှတ်တော်နှင့်ပတ်သက်သော အကြံပြုစာတမ်း၊ ကာကွယ်ရေးကော်မတီက ကာကွယ်ရေးနှင့်ပတ်သက်သော အကြံပြုစာတမ်းတို့အား ပြည်သူ့လွှတ်တော် ကိုယ်စားပြု

စာမျက်နှာ(၇)ကော်လံ(၁)သို့ ✡

## ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်လာရေးသည် အဓိကကျသောအမျိုးသားနိုင်ငံရေးတာဝန်ဖြစ် လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ရွှေ ပြောကြား

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် ဩဂုတ်လ(၈)ရက်နေ့၌ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများ ရရှိရန်အတွက် ပြည်သူလူထုကြီးက အုံကြွကာ တိုက်ပွဲဝင်ခဲ့ပါသည်။ ပြည်သူလူထုတရပ်လုံး၏ လိုအင်ဆန္ဒများကို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို သတ်မှတ်ထားသည့် ဥပဒေပြဌာန်းချက်များနှင့်အညီ နိုင်ငံရေးသမိုင်း အလှည့်အပြောင်း၏ လိုအပ်ချက်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလ(၂၇)ရက်နေ့တွင် နိုင်ငံရေးပါတီတရပ်အဖြစ် ဖွဲ့စည်းခဲ့ရပေသည်။

ထိုသို့ နိုင်ငံရေးပါတီတခုအဖြစ် ပေါ်ပေါက်လာခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြားနိုင်ငံရေးပါတီများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲဆန္ဒနယ် (၄၈၅)နေရာအနက် အဖွဲ့ချုပ်က (၃၉၂)နေရာတွင် အနိုင်ရရှိခဲ့ပါသည်။ သို့ကြောင့် အဖွဲ့ချုပ်သည် ပြည်သူလူထုက ယုံကြည်အားအထားဆုံး



**ဦးအောင်ရွှေ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌကြီး**

ပြည်သူ့အဖွဲ့အစည်းကြီး ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာပေသည်။ ၎င်းပြင် မြန်မာနိုင်ငံ ပြည်သူလူထုသည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများကို မည်မျှအတိုင်းအတာအထိ လိုချင်နေသည်မှာလည်း ပေါ်လွင်လာခဲ့ပါသည်။

ပြည်သူလူထု၏ ထောက်ခံမှု အ

စာမျက်နှာ(၇)ကော်လံ(၁)သို့ ●

## ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစောမြအောင်အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၁၉၉၉ ခုနှစ် စက်တင်ဘာလ(၁၇)ရက်နေ့က ထုတ်ပြန်သောကြေညာချက်အမှတ်(၁)တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစောမြအောင်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြောင်း ပါရှိပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဒေါက်တာဦးစောမြအောင်သည် –

၁၉၄၇ ခုနှစ်တွင် အမ်ဘီဘီအက်စ်(ဘုံဘေ)ဘွဲ့ကို ရရှိခဲ့ပြီး၊ နိုင်ငံ့ဝန်ထမ်း



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဦးစောမြအောင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်**

အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ဗြိတိန်နိုင်ငံတွင် ဆေးပညာများကို ဆက်လက်ဆည်းပူးခဲ့ရာ ဘွဲ့လွန်ဒီပလိုမာ ဒီစီအိတ်ချ်ဘွဲ့နှင့် အက်ဖ်အာစီပီဘွဲ့များကို ရရှိဆွတ်ခူးခဲ့ပါသည်။ ၎င်းနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်၍ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ကျော်ကြားသည့် ဆရာဝန်ကြီးတဦးဖြစ်ပြီး သက်ရှယ်ကြီးသည့်ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့်အားလျော်စွာ အများ ကြည်ညိုလေးစားခြင်း ခံရသည်။

ကုသိုလ်ဖြစ် လူမှုရေးကိစ္စအဝဝကို စေတနာအပြည့်အဝဖြင့် စေတနာ့ဝန်ထမ်းသမားတော်ကြီးအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ(၇)ကော်လံ(၅)သို့ ❍

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

# အယ်ဒီတာ့အာဘော်

## အဆုံးအဖြတ်ကာလနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အခန်းကဏ္ဍ

အချိန်ကာလတခု၌ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်သည် တဟုန်ထိုးပြောင်းလဲမှုဖြစ်စဉ်ဆီသို့ ပြောင်းလဲ၍ "အဟောင်းများ" ချုပ်ငြိမ်းပြီး အသစ်များ ဖြစ်ပေါ်တိုးပွားလေ့ရှိသည်။ ဤကား လောကနိယာမဖြစ်သည်။ ပဋိပက္ခသဘော၏ ဖြစ်စဉ်လည်းဖြစ်သည်။ မည်သူမျှ၊ မည်သည့်အရာမှ ဤသဘောသဘာဝအား ရှောင်လွှဲ၍ မရ။ ဤကဲ့သို့ ဖြစ်ပေါ်တတ်သည့်အချိန်ကာလအား အဆုံးအဖြတ်ကာလ (Decisive Period)ဟု ခေါ်လိုက ခေါ်နိုင်သည်။

နိုင်ငံတနိုင်ငံ၊ လူ့အဖွဲ့အစည်းတရပ်၏ ဖြစ်ပေါ်တိုးပွားမှုသည်လည်း ဤလောကနိယာမမှ ကင်းလွတ်၍ မရ။ မြန်မာပြည်၏ အဓိကပဋိပက္ခဘက်နှစ်ဘက်ဖြစ်သော စစ်အုပ်စုနှင့် ပြည်သူလူထု၏ ပဋိပက္ခသည် တရွေ့ရွေ့ဖြစ်စဉ်မှ အဆုံးအဖြတ်ကာလ ဖြစ်စဉ်ဆီသို့ ဦးတည်လျက်ရှိနေသည်ကို အထင်အရှားတွေ့မြင်ရပြီ ဖြစ်ပေသည်။

နိုင်ငံရေးအင်အားစုများ ပါဝင်သည့် ပြည်သူလူထုသည် အနာဂတ်မြန်မာ့နိုင်ငံရေးတွင် စစ်တပ်၏ ဦးဆောင်မှုကို ခံယူမည်လော၊ ပြည်သူလူထုတရပ်လုံးမှ ပြည်သူလူထုအတွက် အနာဂတ်မြန်မာနိုင်ငံရေးကို ပြည်သူလူထုအား ဦးဆောင်စေမည်လောဟူသော စိန်ခေါ်မှုကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ယင်းစိန်ခေါ်မှုသည် ပြည်သူတရပ်လုံးနှင့် သက်ဆိုင်သည်။ ယင်းသို့သော အဆုံးအဖြတ်ကာလမျိုး၌ မည်သူမှ မည်သည့် အဖွဲ့အစည်းမှ ကြားနေ၍ မရ။ ပြည်သူ့ဘက်တော်သားလော ပြည်သူ့သစ္စာဖောက်လော ဟူသော မေးခွန်းကို ဆန္ဒ (Subjective Condition)အရ မဟုတ်မူဘဲ ဘဝ(Objective Condition)အရ ပြည်သူတိုင်း အဖွဲ့အစည်းတိုင်းမှ တိကျပြတ်သားစွာ ပြောကြားရမည်ဖြစ်သည်။ ပြည်သူတို့၏ ဆုံးဖြတ်မှုနှင့် ပိုင်းဖြတ်မှုသည်သာ အနာဂတ်မြန်မာနိုင်ငံရေးကို ပုံဖော်နိုင်မည်ဖြစ်သည်။

ပြည်သူတို့သာ မဟုတ် နအဖ စစ်အုပ်စုမှလည်း စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့ရေးကို အကောင်အထည် ဖော်မည်လော၊ ပြည်သူသို့ အာဏာလွှဲပြောင်းပေးမည်လော ဟူသောမေးခွန်းကို ဆန္ဒအရ မဟုတ်မူပဲ၊ ဘဝအရ ဖြေကြားရမည် ဖြစ်သည်။

ယင်းကဲ့သို့ နအဖ အတွက်သာ မဟုတ် ပြည်သူတရပ်လုံးအတွက်ပါ မလွှဲမရှောင်သာ ရင်ဆိုင်ဖြေရှင်းရမည့် နိုင်ငံရေးဆုံချက် (Political Conjuncture)သည် မဝေးကွာတော့။ ဘက်နှစ်ဘက်စလုံးမှ ဆန္ဒအရ မဟုတ်မူပဲ ယင်းတို့အသီးသီး၏ ရှင်သန်ရပ်တည်ရေး (Survival Problem) အတွက် ယှဉ်ပြိုင်တိုက်ပွဲဝင်ရမည့် နိုင်ငံရေးဆုံချက်သည် သမိုင်းရေးရာ တောင်းဆိုချက်အဖြစ် မကြာမြင့်မီကာလအတွင်း မလွဲမသွေပေါ်ပေါက်လာတော့မည် ဖြစ်သည်။

ယင်းနိုင်ငံရေးဆုံချက်တွင် အောင်ပွဲခံနိုင်ရေးအတွက် သက်ဆိုင်ရာ ဘက်နှစ်ဘက်မှ ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ **"အထူးခြားဆုံးနှင့် အအောင်မြင်ဆုံးသော ပြည်သူလူထုဘက်မှ ပြင်ဆင်မှုမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီအား မွေးဖွားသန့်စင်လိုက်ခြင်းဖြစ်သည်။"**

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် သမိုင်းဆိုင်ရာဖြစ်ပေါ်တိုးပွားမှု၏ ကွင်းဆက်ဖြစ်သည်။ တနည်းအားဖြင့် ရှစ်လေးလုံးအရေးတော်ပုံနှင့် (၉၀)ပြည့် ရွေးကောက်ပွဲတို့၏ ဆင့်ပွားရလဒ်လည်းဖြစ်သည်။ ထို့အပြင် တပါတီ လူတစု၏ သဘောထားအရမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ သဘောဆန္ဒအရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အမျိုးသားသွေးစည်းညီညွတ်မှု၏ ပြယုဂ်လည်းဖြစ်သည်။ အနာဂတ်ရည်မှန်းချက်များ၏ အခြေခံအုတ်မြစ်လည်း ဖြစ်သည်။ နိုင်းယှဉ်ချက်အရဆိုပါကလည်း ယနေ့ကာလတွင် အတုမရှိသော ခေါင်းဆောင်မှုကို ရယူထားမည့် တခုတည်းသော အစုအဖွဲ့လည်း ဖြစ်သည်။

သို့ဖြစ်ပါ၍ သမိုင်းရေးရာ ဖြစ်ပေါ်တိုးပွားမှုအရ ပေါ်ထွန်းလာသော လွှတ်တော်ကိုယ်စားပြုကော်မတီသည် ယခုကဲ့သို့ အဆုံးအဖြတ်ကာလ၌ ပြည်သူတရပ်လုံးရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးအတွက် သံန္နိဌာန် မြဲမြံစွာ အခိုင်အမာတိုက်ပွဲဝင်နေသည်ကို တွေ့မြင်ရသည်မှာ ပြည်သူလူထုအတွက် လွန်စွာ အားတက်ဖွယ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားပြုကော်မတီ ပေါ်ထွန်းလာမှုနှင့် ပြည်သူတို့ကို ကိုယ်စားပြု၍ တိုက်ပွဲဝင်နေမှုသည် အောင်ပွဲ၏ အာမခံချက်လည်း ဖြစ်သည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ အဖိနှိပ်ခံ ပြည်သူအပေါင်းတို့မှ လွှတ်တော်ကိုယ်စားပြုကော်မတီအား ဗဟိုပြု ဝန်းရံပြီး ယခုကဲ့သို့ အဆုံးအဖြတ်ကာလတွင် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး သမိုင်းတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်ကြပါရန် အလေးအနက် တိုက်တွန်း ရေးသားလိုက်ရပေသည်။

**ပြည်သူသည်သာ အဓိက ပြည်သူသည်သာ အဓိက**

# လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ထုတ်ပြန်ကြေညာချက်များနှင့် အတွင်းရေးမှူး ဦးအေးသာအောင်၏ သဘောထား

"ဥပဒေအရာတွင် လူတိုင်းသည် အညီအမျှသာဖြစ်၏"ဟု အဆိုအမိန့်ရှိသည်။ ဤအဆိုအမိန့်ကို လက်တွေ့ကျင့်သုံးသောနိုင်ငံများရှိ၏။ ယင်းနိုင်ငံများမှာ ဒီမိုကရေစီနိုင်ငံများ ဖြစ်ကြသည်။ ထိုနိုင်ငံများတွင် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာကြ၏။ ပြည်သူတို့ကိုယ်တိုင်ကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို လွတ်လွတ်လပ်လပ် ဖန်တီးနိုင်မှုရှိကြ၏။ ထို့ကြောင့် အဆိုပါနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်ကြ၏။



**ဦးအေးသာအောင်**
**(အထွေထွေအတွင်းရေးမှူး)**
**လွှတ်တော်ကိုယ်စားပြုကော်မတီ**
**ရှမ်းတိုင်းရင်းသားများ**
**ဒီမိုကရေစီအဖွဲ့ချုပ်၊**
**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊**
**မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊**
**ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ**
**များကို ကိုယ်စားပြုကိုယ်စားလှယ်**

အချို့သောနိုင်ငံများတွင်မူ အုပ်စိုးသူတို့သည် အာဏာကို ဥပဒေနှင့်အညီ ရယူခြင်းမရှိသည့်အပြင် ဥပဒေအပေါ်၌နေလျက် ထင်ရာစိုးကာ အုပ်ချုပ်တတ်ကြ၏။ ထို့ကြောင့် အခြေခံဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းနေပြီး ပြည်သူတို့၏ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များလည်း ကွယ်ပျောက်နေခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသည့်အပြင် ခေတ်နောက်ပြန်ပင် ဆွဲနေတတ်၏။ ယင်းနိုင်ငံများမှာ အာဏာရှင်နိုင်ငံများသာ ဖြစ်ကြ၏။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သည့်ကာလထက် တပ်မတော်မှ အာဏာသိမ်းပြီး အုပ်ချုပ်ခဲ့သည့်ကာလက ပို၍ကြာရှည်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင် လွတ်လပ်စွာ ပြောဆိုစည်းရုံးခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်စသည့် အခြေခံဒီမိုကရေစီအခွင့်အရေးများ အတော်အသင့်ရှိခဲ့သည်။ "အချုပ်အခြာ အာဏာသည် ပြည်သူများထံမှ ဆင်းသက်ရမည်"ဆိုသော ဒီမိုကရေစီမူအရ ရွေးကောက်ပွဲများဖြင့် တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းပြီး ထိုပြည်သူ့လွှတ်တော်မှပင် အုပ်ချုပ်ရေးအဖွဲ့အစည်းကို ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့ကြသည်။ သို့ရာတွင် ၁၉၆၂ ခုနှစ်၊ တပ်မတော်မှ အာဏာသိမ်းယူပြီးနောက် တပါတီစနစ်ကို ကျင့်သုံးခဲ့ရာမှ အမျိုးသားသွေးစည်းညီညွတ်မှု ပျက်ပြားကာ ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် လူမှုရေးဘဝ အခြေအနေများ ယိုယွင်းလာလျက် အထွေထွေအကျပ်အတည်းများနှင့် ကြုံကြိုက်ပြီး ၁၉၈၈ ခုနှစ်တွင် လူထုအုံကြွမှုကြီး ပေါ်ပေါက်ခဲ့ရပေသည်။ ထိုလူထုအုံကြွမှုမှ ပြည်သူတို့၏ တောင်းဆိုမှုကြောင့် ပါတီစုံစနစ်ကို ခွင့်ပြု၍ ရွေးကောက်ပွဲကိုလည်း ကျင်းပပေးခဲ့သည်။

ထိုသို့ ကျင်းပခဲ့သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ်အသတ် အနိုင်ရခဲ့သကဲ့သို့၊ အခြားတိုင်းရင်းသားပါတီအချို့ကလည်း သက်ဆိုင်ရာပြည်နယ်များတွင် အသီးသီးအနိုင်ရခဲ့၏။ ပါတီအလိုက် ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုလည်း အတည်ပြု ကြေညာပေးခဲ့ပြီးဖြစ်သည်။ ပြည်တွင်းရော ပြည်ပနိုင်ငံများကပါ ဤရွေးကောက်ပွဲသည် အတိုင်းအတာတခုထိ လွတ်လပ်၍ တရားမျှတမှုရှိကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

သို့ရာတွင် အာဏာပိုင်တို့သည် ပြည်သူတို့၏ ဆန္ဒကို မျက်ကွယ်ပြုလျက် ရွေးကောက်ပွဲအတွက် ပေးထားခဲ့သည့် ကတိကဝတ်များကို ချိုးဖောက်ကြသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားပါတီများက ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပပေးရေးနှင့် အာဏာလွှဲပြောင်းပေးရေးတို့အတွက် ဝိုင်အမ်စီအေ ကြေညာစာတမ်း၊ ဂန္ဒီခမ်းမကြေညာစာတမ်းနှင့် ဗိုလ်အောင်ကျော် ပူးတွဲကြေညာစာတမ်းတို့ကို ထုတ်ပြန်ပြီး အာဏာပိုင်တို့အား တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ သို့ရာတွင် အာဏာပိုင်တို့က မည်သို့မျှ ဆောင်ရွက်ပေးခဲ့ခြင်း မရှိသည့်အပြင် ပါတီများကို ဖျက်သိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ အကျပ်ကိုင်ခြင်းများကိုလည်း ပြုလုပ်လာခဲ့သည်။ ဤသို့ ဖမ်းဆီး၊ ဖိနှိပ်မှုအမျိုးမျိုးကြားမှ နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီအင်အားစုများသည် ပြည်သူတို့၏ ပေးအပ်သော တာဝန်အရ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းကြရာ ၁၉၉၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရက်ပေါင်း(၆၀) အတွင်း ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် အာဏာပိုင်များထံ ပူးတွဲတောင်းဆိုခဲ့ကြသည်။ သို့ရာတွင် အာဏာပိုင်များက ဆောင်ရွက်ပေးခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပါတီများ၊ အခြားဒီမိုကရေစီအင်အားစုများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးနည်းလမ်းဖြင့် ပြည်သူတို့၏ ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းနေစဉ် အာဏာပိုင်တို့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၈၀)ကျော်နှင့် အဖွဲ့ချုပ်မှ ပါတီဝင်အများအပြားအပါအဝင် အခြားပါတီများမှ နိုင်ငံရေးသမားများအား ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် ၎င်းတို့၏ ဗီဇသရုပ်သကန်ကို ကမ္ဘာက မြင်စေခဲ့သည်။

မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုက ပေးအပ်ခဲ့သော တာဝန်ကို ဦးလည်မသုံ ဆောင်ရွက်သွားမည်ဟု သံန္နိဌာန်ချမှတ်ထားပြီးဖြစ်သည်နှင့်အညီ ပြည်သူတို့၏ ဆန္ဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်(၁၆-၉-၉၈ )ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို တရားဝင်ဖွဲ့စည်းလိုက်ရခြင်းဖြစ်ပေသည်။ ထိုပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ တိုင်းရင်းသားနိုင်ငံရေးပါတီ (၄)ပါတီတို့ လက်တွဲလျက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၂၅၁)ဦးတို့က လွှဲအပ်ပေးထားသည့် လုပ်ပိုင်ခွင့်များအရ တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖွဲ့စည်းပြီးနောက် ဤကော်မတီသည် ခေတ်နှင့်မဆီလျော်သော ပြည်သူတို့၏ အကျိုးနှင့်ဆန့်ကျင်သော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ လက်ရှိအာဏာပိုင်များ၏ တရားလက်လွတ် ပြုမူဆောင်ရွက်နေမှုများကိုလည်း ပြည်သူများ သိရှိစေရန် ကြေညာချက်များ ထုတ်ပြန်ပေးလျက် ရှိသည်။ အဆိုပါ ကြေညာချက်များကို ဖတ်ရှုခြင်းအားဖြင့် အများပြည်သူတို့သည် ဤကော်မတီ၏ ဆောင်ရွက်ချက်များကို ပိုမိုနားလည်သဘောပေါက်လာကြမည့်အပြင်၊ အာဏာပိုင်တို့၏ တရားလက်လွတ် ပြုမူဆောင်ရွက်ချက်များနှင့် ပြည်သူလူထုအား မထီမဲ့မြင်ပြုနေမှုတို့ကို အမှန်အတိုင်း သိမြင်နိုင်ကြမည် ဖြစ်ပေသည်။

❖

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ တပ်မတော်သားများသို့ ပန်ကြားချက်



မြန်မာ့နိုင်ငံလွတ်လပ်ရေး ရဖို့အတွက် ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်ကြီးများဟာ ကျမတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်နဲ့ ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေး ရဖို့အတွက်ကလည်း ပြည်သူလူထုနဲ့ တပ်မတော်သားများအားလုံး လက်တွဲပြီးတော့ ကြိုးပမ်းခဲ့လို့ ရခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာ ဒီမိုကရေစီ ရရှိရေးအတွက် ပြည်သူလူထုနဲ့ တပ်မတော် လက်တွဲပြီး လုပ်ဖို့သာ လိုပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်ရဲ့ဂုဏ်သိက္ခာ ကြီးထွားပုံကို ကမ္ဘာက သိကြပါတယ်။ ဒီမိုကရေစီနိုင်ငံဆိုတာဟာ ပြည်သူလူထုကနေပြီးတော့ တင်မြှောက်တဲ့အစိုးရကနေ အုပ်ချုပ်တဲ့ နိုင်ငံဖြစ်ပါတယ်။ တပ်မတော်သားများဟာလဲ ပြည်သူလူထုကြားထဲကနေ ပေါက်ဖွားလာတဲ့သူများမို့လို့ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရများဟာ တပ်မတော်သားများကို ထိုက်ထိုက်တန်တန် ဂုဏ်ရှိရှိ သိက္ခာရှိရှိ ထားမယ်ဆိုတာ ယုံမှားသံသယရှိစရာ လုံးဝမလိုပါဘူး။ အခုအချိန်မှာဆိုလို့ရှိရင် တချို့သူတွေဟာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်ကြားထဲမှာ စိတ်ဝမ်းကွဲအောင်လို့ အမျိုးမျိုးပြောကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားအတွက် မလိုလားသယောင်ယောင်၊ တပ်မတော်ရဲ့ အကျိုးစီးပွားကိုပဲ မလိုလားသယောင်ယောင် ပြောကြပါတယ်။ ဒါပေမယ့် ကျမတို့ဟာ အစဉ်တစိုက် မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ ရပ်တည်စေချင်တဲ့ အဖွဲ့ဖြစ်ပါတယ်။

ကျမတို့တပ်မတော်ဟာ စကတည်းက ပြည်သူလူထုရဲ့နွေးထွေးမှုကို ခံယူနိုင်မှသာလျှင်၊ ဒီ တပ်မတော် ထူထောင်ခဲ့ရတာဟာ အကျိုးရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ တပ်မတော်အနေနဲ့ ဒီမိုကရေစီ ရရှိရေးအတွက် ပြည်သူလူထုရဲ့ အကျိုးကို မျှော်ကိုးပြီးတော့ ကြိုးပမ်းသင့်တယ်လို့ ကျွန်မတို့ ထင်ပါတယ်။ နိုင်ငံတနိုင်ငံအတွင်းမှာ ပြည်သူလူထုနဲ့ တပ်မတော်၊ တပ်မတော်နဲ့ ပြည်သူလူထု တသားတည်းရှိမှသာလျှင် ငြိမ်းချမ်းမှုလည်း ရှိနိုင်မယ်။ တိုးတက်မှုလည်း ရှိနိုင်မှာဖြစ်ပါတယ်။ တကယ်တော့လည်း တပ်မတော်ဆိုတာ တခြားနိုင်ငံက အဖွဲ့အစည်းမဟုတ်ဘဲ ဒီနိုင်ငံထဲက အဖွဲ့အစည်း၊ တခါတလေ တပ်မတော်နဲ့ ပြည်သူကို ခွဲခြားပြီး ပြောတာကို ကျမတို့ နားမလည်ပါဘူး။ တပ်မတော်သားများဆိုတာဟာ ပြည်သူလူထုက ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ တပ်မတော်ကို ခွဲခြားချင်တဲ့ စိတ်ဓာတ်ဟာ အင်မတန်မှ ဆိုးဝါးတဲ့စိတ်ဓာတ်ဖြစ်ပါတယ်။ တပ်မတော်နဲ့ နိုင်ငံရေးသမားများကြားထဲမှာလဲ စိတ်ဝမ်းကွဲအောင် လုပ်တယ်ဆိုတာဟာ မလိုလားအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။

နိုင်ငံတနိုင်ငံမှာ နိုင်ငံရေးသမားများ ရှိမှသာလျှင် နိုင်ငံရေးဘက်ကနေပြီး ပီပီပြင်ပြင်လုပ်နိုင်မှာပါ။ ဒါကြောင့်မို့လို့ နိုင်ငံရေးသမားများနဲ့ နိုင်ငံရဲ့ အစိုးရကို ပီပီပြင်ပြင်ဖြစ်အောင် လုပ်မယ့် နိုင်ငံရေးသမားများရဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့ တပ်မတော်ကြားထဲမှာဆိုရင် နားလည်မှု အများကြီးရှိဖို့ လိုပါတယ်။ ဒီလို နားလည်မှုရှိဘို့ ကျမတို့ အစဉ်တစိုက် ကြိုးစားနေပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာဆိုလို့ရှိရင် မြန်မာ့တပ်မတော်ထဲမှာ အဆင့်မြင့် အမှုထမ်းခဲ့တဲ့ အရာရှိများ များစွာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တပ်မတော်ရဲ့ လိုအပ်ချက်များကို ကောင်းမွန်စွာ နားလည်ပါတယ်။

❖

## ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့်ကော်မတီ၏ ကြေညာချက်အမှတ် – (၁)

**နိဒါန်း**

၁။ ၁၉၉၀ ပြည့်နှစ် မေလတွင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည်ဟု ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံကပါ အသိအမှတ်ပြုကြပါသည်။

၂။ ပြည်သူလူထုကလည်း နိုင်ငံရေးပါတီအသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏သဘောအရ "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်" ဟူသော ဒီမိုကရေစီမူအရ ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။

၃။ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်း ခံကြရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုအပေါ်၊ ပြည်သူလူထုနှင့် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းရပ်များကို ပြည်သူ့လွှတ်တော်မှတဆင့် ဆောင်ရွက်ပေးကြရန် တာဝန်ရှိပါသည်။ ထိုတာဝန်အရ ပြည်သူ့လွှတ်တော်ကို ခေါ်ယူရမည်ဖြစ်ပါသည်။

၄။ ရွေးကောက်တင်မြှောက်ခံကြရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူပြည်သားများ တွေ့ကြုံခံစားနေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့်အထွေထွေအခက်အခဲများကို ဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ သို့သော် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပါသော်လည်း ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာခြင်း မရှိသေးပေ။

၅။ ပြည်သူလူထု၏ဆန္ဒကို ဖေါ်ထုတ်တင်ပြနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ပြည်သူလူထု ရွေးကောက်တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောလွှတ်တော်မှတဆင့် တင်ပြခြင်းနည်းလမ်းပင်ဖြစ်ပါသည်။ ယခုအခါတွင် လွှတ်တော်ကိုယ်စားလှယ်အများစုကို ဖမ်းဆီးထိမ်းသိမ်းထားသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ပိုင်ခွင့်အာဏာကို အပ်နှင်းထားခြင်းခံရသည့် အထက်ပါကော်မတီက လွှတ်တော်ကို ကိုယ်စားပြု၍ လုပ်ငန်းများကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၆။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၄၈၅)ဦး ရွေးကောက်တင်မြှောက်ခံကြရပါသည်။ ၎င်းတို့အနက် (၂၆)ဦး ကွယ်လွန်သွားကြသဖြင့် (၄၅၉)ဦး ကျန်ရှိပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မိတ်ဆွေပါတီများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်နိုင်ခွင့် ပေးထားသည့်အရေအတွက်မှာ (၂၅၁)ဦးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စား တရားဝင် ဆုံးဖြတ်လုပ်ကိုင်နိုင်ခွင့် ရှိပါသည်။

၇။ သို့ဖြစ်ပါ၍ "၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့်ကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်။

**ဥက္ကဋ္ဌ**

ဦးအောင်ရွှေ – ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

**အတွင်းရေးမှူးများ**

ဦးသန်းထွန်း – မန္တလေးတိုင်း၊ တောင်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးအေးသာအောင် – ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ – များကို ကိုယ်စားပြုကိုယ်စားလှယ်၊

**အဖွဲ့ဝင်များ**

ဦးတင်ဦး – ဒု ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

ဒေါ်အောင်ဆန်းစုကြည် – အထွေထွေအတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

ဦးလွင် – ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးလှဖေ – ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးစိုးမြင့် – ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးလွန်းတင် – မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးညွန့်ဝေ – ပဲခူးတိုင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

၈။ အဆိုပါကော်မတီ၏ ပထမအစည်းအဝေးကို ၁၉၉၈ ခု၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

၉။ ဤကော်မတီသည် အထက်ဖေါ်ပြပါ လုပ်ပိုင်ခွင့်မှုများအရ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ပါသည်။

(က) ၁၉၉၀ ပြည့်နှစ် ရွေးကော်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များကို အခြားသော မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်အာဏာများဖြင့်လည်းကောင်း၊ မိမိတို့ဆန္ဒအရလည်းကောင်း၊ နှုတ်ထွက်ခြင်းများနှင့် ထုတ်ပယ်ခြင်းများကို မည်သူကမျှ ပြုလုပ်နိုင်ခြင်း မရှိကြောင်း။

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးစောမြအောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အား ရွေးကောက်တင်မြှောက်လိုက်ကြောင်း။

(ဂ) လွှတ်တော်၏ သက်တမ်းကို အများပြည်သူတို့က လက်ခံနိုင်ပြီး ဒီမိုကရေစီမူများနှင့် ကိုက်ညီသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ဤလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသည့်အချိန်အထိ သတ်မှတ်ကြောင်း။

(ဃ) နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အထွေထွေအကြပ်အတည်းများကို ပြည်သူ့လွှတ်တော်ကသာ ဆောင်ရွက်ပေးနိုင်သောကြောင့် အောက်ပါအဖွဲ့များ၏ လွှတ်တော်ခေါ်ယူပေးရေးကိစ္စနှင့်ပတ်သက်၍ တောင်းဆိုခြင်းများကို ဤကော်မတီက အထူးလေးနက်စွာ ထောက်ခံကြိုဆိုကြောင်း။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့တွင် အောက်ဖေါ်ပြပါအဖွဲ့များသည် လွှတ်တော်ခေါ်ယူရေးအတွက် ထောက်ခံကြသည်။

(၁) ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ငြိမ်းချမ်းရေးရယူထားပြီးအဖွဲ့)၊

(၂) ကယန်းပြည်သစ်ပါတီ၊

(၃) ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ငြိမ်းချမ်းရေး ယူထားသည့်အဖွဲ့)၊

၁၉၉၈ ခုနှစ် ဩဂုတ်လ(၁၈)ရက်နေ့တွင် အောက်ဖော်ပြပါအဖွဲ့သည် လွှတ်တော်ခေါ်ယူရေးအတွက် ထောက်ခံသည်။

(၄) မွန်ပြည်သစ်ပါတီ (ငြိမ်းချမ်းရေး ယူထားသည့်အဖွဲ့)၊

၁၀။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့မှစ၍ ထုတ်ပြန်ခဲ့သောဥပဒေများ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များသည် ပြည်သူ့လွှတ်တော် အတည်မပြုသ၍ တရားမဝင်ကြောင်း။ (မှတ်ချက်– ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အောက်ပါအတိုင်း ပြောခဲ့ပါသည်။)

> "ကျွန်တော် ဒီနေ့ နိုင်ငံတော်အာဏာကို ယူထားတဲ့အခါမှာ ကျွန်တော် လုပ်ချင်တာ လုပ်သွားတယ်ဆိုတာကို မဖြစ်စေရဘူး၊ ကျွန်တော် စည်းနဲ့ စံနစ်နဲ့ လုပ်သွားတယ်ဆိုတာကို ကျွန်တော် လွှတ်တော်ကို လွှတ်တော်ပေါ်လာရင် ရွေးကောက်ပွဲပြီးရင် ကျွန်တော် လွှတ်တော်ကို တင်ပြမယ်"

၁၁။ ဤကော်မတီက အောက်ပါဆုံးဖြတ်ချက်များကိုလည်း ဆုံးဖြတ်ပါသည်။

(က) နိုင်ငံရေးပါတီများ၏ လုပ်ပိုင်ခွင့်များကို ဥပဒေအရ အပြည့်အဝ ဆောင်ရွက်ခွင့်ပေးရန်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များအား နိုင်ငံရေးအရ ပြောဆိုလုပ်ဆောင်ခြင်းနှင့် ဆက်နွယ်သည့်ကိစ္စများကို အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုရန်။

(ဂ) အားလုံးသော နိုင်ငံရေးအကျဉ်းသမားများကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

၁၂။ နိုင်ငံတနိုင်ငံတွင် တပ်မတော်သည် မရှိမဖြစ်လိုအပ်သည့်အဖွဲ့အစည်းတခု ဖြစ်သည်။ တပ်မတော်၏ တာဝန်သည် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်ရန် ဖြစ်သည်။

ပြည်သူလူထုက ယုံကြည်ကိုးစားချစ်ခင်သည့် ခေတ်မီပြီး ကာကွယ်ရေးတာဝန်ကို သန့်သန့် ထမ်းဆောင်သည့်တပ်မတော်ဖြစ်ရပါမည်။ အဆင့်အတန်းမြင့်မားပြီး ပြည်သူပြည်သားများနှင့် တသားတည်း ဖြစ်ရပါမည်။ ပြည်သူတို့၏ဆန္ဒကို ဦးထိပ်ပန်ကာ အစဉ်လေးစားရမည်။

**နိဂုံး**

၁၃။ ဤကော်မတီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဥပဒေနှင့်အညီ လွှတ်တော်ခေါ်ယူပေးရေးမှုအရ လွှတ်တော်ခေါ်ယူပေးရေး ဖြစ်မြောက်သည်အထိ လွှတ်တော်ကိုယ်စား ဆောင်ရွက်သွားမည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ရန်ကုန်မြို့

၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၁၂)ရက်
၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်။



မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်



ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်တာမဟုတ်။ တနိုင်ငံလုံး၊ တမျိုးသားလုံး အတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာ တပါတီ လူတစုအတွက် တည်ထောင်တာမဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံး အတွက် ဖြစ်တယ်။

ငါတို့က ဒီလိုမဟုတ်၊ အားနည်းတဲ့အခါမှာလဲ အားကြီးတဲ့လူကို မတရားရင် မကြောက်၊ အားကြီးတဲ့အခါ မှာလဲ အားနည်းတဲ့လူကို မတရား မလုပ်ဆိုတဲ့အတိုင်း လုပ်ချင်တယ်၊ ပြချင်တယ်။ ဒါကြောင့် စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်တယ်ဆိုတာ ပြောရတာဘဲ။ နောက်ဆုံးတခု မှာချင်တာက ငါတို့သာ နိုင်ငံချစ်တယ်ဆိုတဲ့ စိတ်မထားကြဘို့ဘဲ။ ဒီနိုင်ငံမှာ ဖြစ်ဖြစ်၊ ဒိပြင် နိုင်ငံမှာဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့လူရှိကြတာ မဟုတ်ဘူး။ အခြား စစ်သားမဟုတ်ပေမယ့် နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စားလုပ်ကြတဲ့လူတွေ လဲရှိတာဘဲ။ ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့ စိတ်သဘောထားကို ပြောင်းကြရမယ်။

**ဗိုလ်ချုပ်အောင်ဆန်း**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရ ဦးတင်ဦး၏ တပ်မတော်သားများသို့ ပန်ကြားချက်



တပ်မတော်နဲ့ ပတ်သက်လို့ စေတနာ ရှေ့ထားပြီး အနည်းငယ်ပြောကြားလိုပါတယ်။ ကျွန်တော်ဟာ ငယ်စဉ်က အထက်တန်းအောင်သည်အထိ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ အဲဒီတုန်းက သခင်အောင်ဆန်း နောင်သောအခါ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများကို ကျောင်းရှိကျောင်းသူကျောင်းသားများအား သမဂ္ဂမှတဆင့် ပြောကြားခြင်းကြောင့် ကြားနာကြရ၍ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ဆောင်ရွက်ရန် စိတ်ဓာတ်တက်ကြွလာခဲ့ပါတယ်။ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းတဲ့အခါမှာ ဗမာ့ကာကွယ်ရေးတပ်ထဲသို့ တပ်သားအဖြစ် စတင် ဝင်ရောက်ခဲ့ပါတယ်။ အဲဒီနောက် တပ်မတော် တတိယပတ် ဗိုလ်သင်တန်းကျောင်းကို တက်ရောက်ခဲ့ပါတယ်။ ထိုခေတ်အခါက သင်တန်းတက်ရောက်တယ်ဆိုတာဟာ ပြောမပြနိုင်လောက်အောင် ပင်ပန်းဆင်းရဲကြပါတယ်။ အသက်အရှယ်နဲ့ မလိုက်အောင် အပင်ပန်း အဆင်းရဲခံကာ အောင်မြင်စွာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်တဲ့အကြောင်းကတော့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးတိုက်ပွဲဟာ အောင်မြင်သည်ထိ ဆောင်ရွက်နိုင်ကြသည် ဟူသော ယုံကြည်ချက်ကြောင့်ဖြစ်ပါတယ်။

ထိုစဉ်အခါက အခါမလပ် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ စည်းရုံးရေးမှူးများဟာ မိမိတို့ရဲ့ ကိုယ်ကျိုးကို လုံးဝစွန့်ပြီး ကျောင်းသို့ ကြိမ်ဖန်များစွာ လာရောက်ပြီး စိတ်ဓာတ်ရေး၊ ပြောကြား ဟောကြား ဆွဲဆောင်မှုများကြောင့်လဲပဲဖြစ်ပါတယ်။ ဗိုလ်သင်တန်းကျောင်းဆင်းပြီးတော့လဲပဲ အလုပ်သင်ဗိုလ်ဘဝနဲ့ တာဝန်ထမ်းဆောင်ရတဲ့နေရာ အနောက်မြောက်တိုင်း၊ မန္တလေး ဗိုလ်ဗထူးဌာနချုပ်သို့ သတင်းပို့သွားရတဲ့အခါမှာလဲပဲ အလွန်ခက်ခဲကြမ်းတမ်းပြီး အသက်စွန့်သွားရသလိုဖြစ်ခဲ့ပြီးတော့ စစ်မြေပြင်ရဲ့ တိုက်ပွဲပြင်းထန်မှုများကိုလဲပဲ စတင်တွေ့ရတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဖက်ဆစ်တော်လှန်ရေးကို ဆက်လက်ပြီးတော့ ဆင်နွှဲခဲ့ကြရပြန်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့တွေဟာ ဘာလစာမှ၊ ဘာအထောက်အပံ့မှ မရကြပါ။ အလွန်ဆင်းရဲသော်လဲပဲ အလွန်ပျော်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေက တပ်မတော်စစ်သည်များကို မိမိရင်သွေးကဲ့သို့ အစဉ်ချစ်မြတ်နိုးသောကြောင့်ပဲ ဖြစ်ပါတယ်။ စစ်သည်များကလဲပဲ ပြည်သူပြည်သားများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါ။ ပြည်သူများသည်အမိ၊ ပြည်သူများသည်အဖအဖြစ် မိဘသဖွယ် ကြည်ညိုလေးစားအောင် ဆက်ဆံဆောင်ရွက်ကြလို့ပဲဖြစ်ပါတယ်။

ကန္ဒီစာချုပ်အရ တပ်မတော် ပြန်လည်ဖွဲ့စည်းတဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ သူမတူအောင် စံပြနိုင်လောက်အောင် စစ်တပ်နဲ့ ပါတီနိုင်ငံရေး မရောထွေးရအောင် ပြသခဲ့ပါတယ်။ သမိုင်းက ရရှိခဲ့တဲ့အတွေ့အကြုံများ၊ ဆုံးမဩဝါဒများကို မှတည်ပြီး ဗိုလ်ချုပ်၏ ဆုံးမဩဝါဒများကို မှီငြမ်းပြုပြီးတော့ စစ်သည်တာဝန်များကို ထမ်းဆောင်ခဲ့ကြရပါတယ်။ စစ်သည်တော်ကျင့်ဝတ်များဖြင့်လည်းပဲ လိုက်နာဆောင်ရွက်ကြရပါတယ်။

တပ်မတော်သားများဟာ ပါတီနိုင်ငံရေး ကင်းစင်ကြရမယ်။ စစ်တပ်ပညာရှင်တယောက်အနေနဲ့ စစ်သည်လုပ်ငန်းကိုသာ ဆောင်ရွက်ကြရတာသာ ဖြစ်ကြရပါမယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် ပါလီမန်ဒီမိုကရေစီခေတ်အောက်တွင်လည်း ဒီမိုကရေစီစနစ်ကို ကာကွယ်တဲ့တပ်မတော်ရဲ့တာဝန်ကို သီးသန့်ဆောင်ရွက်ကြရတာကြောင့် အလွန်ပျော်စရာ ကောင်းလှပါတယ်။ ဒီမိုကရေစီစနစ်ဟာ ပြည်သူပြည်သားများ အများစု အများဆုံးစိတ်ချမ်းသာအောင် ပေးနိုင်သည့်စနစ်ဖြစ်တဲ့အတွက် ပြည်သူပြည်သားများဖြစ်ကြတဲ့ တပ်မတော်သားများအတွက်လည်းပဲ အများစု၊ အများဆုံး၊ စိတ်ချမ်းသာမှု ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ရောက်ရင် စစ်သည်များအတွက် အကျိုးပျက်စီးအောင် ထိခိုက်ခြင်း မရှိစေသည့်အပြင် အကျိုးကျေးဇူးများပင် ဖြစ်လာနိုင်မှာ ဧကန်မုချ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဖြတ်သန်းလာရတဲ့ ခေတ်အဆက်ဆက် အတွေ့အကြုံများအရ ဒီမိုကရေစီစနစ်သာလျှင် လွတ်လပ်ရေးကို အားပေးတယ်၊ ငြိမ်းချမ်းရေးကို အားပေးတယ်ဆိုတာကို ပိုမိုသိမြင်သဘောပေါက် အလေးအနက် ခံယူလာခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကိုလဲပဲ ခေတ်မီတိုးတက်သော တပ်မတော်၊ သိက္ခာရှိသောတပ်မတော်၊ ဒီမိုကရေစီစနစ်ကို ရှင်သန်အောင်နှင့် ကာကွယ်အောင် လုပ်ပေးနိုင်သော တပ်မတော်၊ ပြည်သူလူထုသာလျှင်အမိ၊ ပြည်သူလူထုသာလျှင် အဖ၊ ပြည်သူလူထု၏ ချစ်မြတ်နိုးသောတပ်မတော် ဖြစ်စေချင်ပါတယ် ဆိုတာကို မေတ္တာရှေ့ထား၊ ဂရုဏာတရားထားပြီး ပြောကြားအပ်ပါတယ်။ ❖

# အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ၏ အာဏာရှင်သို့ ပေးစာ

သို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ရန်ကုန်မြို့။

ရက်စွဲ။ ၁၉၉၈ ခုနှစ်၊ဩဂုတ်လ(၁၄)ရက်။

အကြောင်းအရာ။ ။ **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အကြံပြုတင်ပြခြင်း။**

လေးစားအပ်သော ဗိုလ်ချုပ်မှူးကြီးခင်ဗျား –

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တရပ် တည်ဆောက်ရာတွင် အုတ်တချပ်သဲတပွင့်မျှပင်ဖြစ်စေကာမူ စိတ်ရင်းစေတနာမှန်ဖြင့် ပါဝင်ဆောင်ရွက်သွားရန် မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ကယန်းပြည်သစ်ပါတီ၊ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးနှင့် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့တို့မှ သိန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပါသည်။ (၄၊၁၊၉၈)ရက်နေ့စွဲပါ အိတ်ဖွင့်ပေးစာတွင်လည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းသိန္နိဋ္ဌာန်နှင့်အညီ မိမိတို့တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရသော လတ်တလောအကြပ်အတည်း အခြေအနေများမှ ကင်းငြိမ်းရေးအလို့ငှာ မိမိတို့ အမြင်သဘောထားများကို ရိုးသားပွင့်လင်းစွာ တင်ပြသွားမည်ဖြစ်ပါသည်။

၃။ မျက်မှောက်အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံးအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့်ဘက်အသီးသီးတွင် မကြုံစဖူးခါးသီးစွာ တွေ့ကြုံရင်ဆိုင်နေရသော အကြပ်အတည်းအခြေအနေဖြစ်ပါသည်။ ဤအခြေအနေအရပ်ရပ်အား မှန်ကန်စွာ ကြည့်မြင်ပြီး လျှင်မြန်စွာမဖြေရှင်းနိုင်ပါက တိုင်းပြည်၏ကံကြမ္မာကား ဆိုးရွားသောအလားအလာသို့ ဆိုက်ရောက်သွားစေနိုင်ပါသည်။

ထိုကြမ္မာဆိုးသို့ မဆိုက်ရောက်စေရန်နှင့် တတိုင်းပြည်လုံး ငြိမ်းချမ်းရေးသို့ ဦးတည်စေမည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပြန်လည်ဆောင်ရွက်နိုင်စေရေးတို့အတွက် မိမိတို့သုံးဖွဲ့၏ အပြုသဘောဆောင်သည့် စဉ်းစားထားချက်များကို ပကတိ ဖြူစင်စွာ အကြံပြုတင်ပြအပ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကမကထပြု၍ ၁၉၉၀ ခုနှစ်၊ မေလတွင် လွတ်လပ်ပြီး၊ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအား ကျင်းပပေးခဲ့ခြင်းသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသည့် သမိုင်းမှတ်တမ်းတရပ်အဖြစ် မိမိတို့အနေဖြင့် အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။

သို့သော် ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်နေသေးပြီး လက်ရှိအချိန်အခါသည် အသင့်လျော်ဆုံး အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရိုးသားစွာ ယုံကြည်မိပါသည်။

၅။ နိုင်ငံတော်အစိုးရမှ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်၏ ဥပဒေပုဒ်မ (အခန်း၂၊ပုဒ်မ၃က)အရ ဤလွှတ်တော်ကို မဲဆန္ဒနယ်များမှ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ၎င်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အများစု ရွေးချယ်တင်မြှောက်ထားခြင်း ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လက်ရှိအခြေအနေအချိန်အခါတွင် တင်ပြတောင်းဆိုထားသော ပြည်သူ့လွှတ်တော်ခေါ်ယူပေးရေး တောင်းဆိုချက်သည် ဥပဒေကြောင်းအရ တရားမျှတသည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

၆။ ၎င်းအပြင် ထိုပြည်သူ့လွှတ်တော်မှပင် တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲသွားရန် တာဝန်ရှိသည်ဟုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ကော်မရှင်၏ ပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေကြောင်းအရသော်လည်းကောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေများအရသော်လည်းကောင်း၊ ပြည်သူတရပ်လုံး၏ ဆန္ဒသဘောထားများအရသော်လည်းကောင်း ဘက်အသီးသီးမှ ရှုမြင်သုံးသပ်မှုများအရ နိုင်ငံတော်အစိုးရမှ ကမကထပြုကာ ဆောင်ရွက်နေသည့် အခြေခံဥပဒေရေးဆွဲရေးကို အကောင်အထည်ဖော်နေသော အမျိုးသားညီလာခံသည် လက်ရှိအခြေအနေတွင် ကျိုးကြောင်းဆီလျော်ခြင်း မရှိတော့ဟု ပွင့်လင်းစွာ သုံးသပ်မိပါသည်။

၇။ ဗိုလ်ချုပ်မှူးကြီးခင်ဗျား လက်ရှိအခြေအနေသည် မိမိတို့မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းလုံးညီညွတ်ပြီး တပြည်လုံးဆိုင်ရာငြိမ်းချမ်းသည့်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး တန်းတူရည်တူစုပေါင်းပါဝင်သည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတရပ် တည်ဆောက်ရန်အတွက် အခွင့်အခါကောင်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဤအခွင့်အခါကောင်းကို ဆုပ်ကိုင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အလှည့်အပြောင်းတခုကို ပြည်သူတရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် လက်ရှိရင်ဆိုင်နေရသော ဘက်ပေါင်းစုံအထွေထွေအကြပ်အတည်းကြီးမှ တိုင်းပြည်အား ဆွဲထုတ်ကယ်တင်နိုင်မည်ဟု ယူဆပါသည်။

၈။ ထို့ကြောင့် ပြဿနာပေါင်းစုံ၊ ပဋိပက္ခပေါင်းစုံတို့အား ဖြေရှင်းနိုင်မည့် အဓိကကျသည့် နိုင်ငံရေးသော့ချက်ဖြစ်သော တပ်မတော်အင်အားစု(လက်ရှိအာဏာပိုင်အဖွဲ့အစည်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပါဝင်သော တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် လက်ရှိအခြေအနေနှင့် လျော်ကန်သင့်မြတ်ကောင်းမွန်လှကြောင်း အနူးအညွတ် အကြံပြုတင်ပြအပ်သည်။

ဗိုလ်ချုပ်မှူးကြီးနှင့်တကွ နိုင်ငံတော်အကြီးအကဲများ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

လေးစားစွာဖြင့်

| ဦးတာကလယ် | ငိန်းကယန်းထန် | ဦးစန္ဒာ |
|---|---|---|
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ | ကယန်းပြည်သစ်ပါတီ | ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး |

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်

## တိုင်းရင်းသားကိုယ်စားလှယ်များ၏ အာဏာရှင်သို့ ပေးစာ

သို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ရန်ကုန်မြို့။ ရက်စွဲ။ ၆–၆–၁၉၉၈

အကြောင်းအရာ။ ။ **အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေး နွေးကြပါရန် ပန်ကြားခြင်း။**

ကျွန်ုပ်တို့သည် ပြည်ထောင်စုကြီး၏ အကျိုးကိုဦးထိပ်ထားလျက် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စိတ်စေတနာကောင်းဖြင့် တင်ပြပါသည်။ ပြည်ထောင်စုကြီးတွင် လက်ရှိအခြေအနေအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကြပ်အတည်းပေါင်းစုံနှင့် ကြုံတွေ့နေရသော အချိန်ကာလဖြစ်ပါသည်။ ထိုအကြပ်အတည်းအပေါင်းမှ လွတ်မြောက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်ရန်အတွက် အောက်ပါတို့ကို ဆောလျင်စွာ ဆောင်ရွက်သင့်သည်ဟု ရိုးသားစွာဖြင့် တင်ပြအပ်ပါသည်။

တပ်မတော်သည် နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီးနောက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပေးခြင်း၊ တရားမျှတပြီး လွတ်လပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခြင်းသည် ဒီမိုကရေစီအရေးကို ရှေးရှုသော ကောင်းမြတ်သည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည် မဖော်နိုင်သေးခြင်းသည် မြန်မာ့သမိုင်းတွင် အမဲစက်ကြီးဖြစ်နေပါသည်။ ထို အမဲစက်ကြီးကို ချေဖျက်နိုင်ရန်မှာ ရွေးကောက်ပွဲ၏ရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ခေါ်ပေးရန်မှအပ အခြားနည်းလမ်းမရှိပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းရင်းသားလူမျိုးများအရေးတို့ကို မဖြေရှင်းနိုင်သေးဘဲ အကြပ်အတည်းပေါင်းစုံနှင့် ကြုံတွေ့နေရသောကာလဖြစ်ပေသည်။ ထိုအကြပ်အတည်းများမှ လွတ်မြောက်နိုင်ဖို့အတွက် ဖြေရှင်းနိုင်သည့် နည်းလမ်းများမှာလည်း တပ်မတော်အင်အားစု (လက်ရှိအာဏာပိုင်အဖွဲ့အစည်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများဖြစ်သည့် ရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီများ၊ လက်နက်ကိုင်အင်အားစုများတို့သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးအရ အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာလျှင် ဖြေရှင်းနိုင်မည်ဟု အလေးအနက် ယုံကြည်ပါသည်။

ဤသို့ တင်ပြရခြင်းမှာ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်မူဘဲ ပြည်ထောင်စုကြီးနှင့် ပြည်သူတရပ်လုံး၏ ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်လျက် ထိပ်တိုက်ရင်ဆိုင်နေရမှုများနှင့် ဖြေရှင်းရခက်လှသော နိုင်ငံရေးပြဿနာများကို မိမိတို့ ပြည်တွင်းရှိ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် တင်ပြတိုက်တွန်းခြင်းသာဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက်လည်း အချိန်အခါကျရောက်နေပြီဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် ပြည်ထောင်စုကြီးနှင့်တကွ ပြည်သူလူထုအပေါ် ထားရှိသော စေတနာမှန်ဖြင့် မာန်မာနနှင့် အာဃာတတရားကင်းစင်စွာ ဖြေရှင်းကျော်ဖြတ်ကြလျှင် အကြပ်အတည်းမှန်သမျှကို မအောင်မြင်နိုင်စရာ မရှိဟု အလေးအနက် ယုံကြည်စွာဖြင့် တိုက်တွန်းတင်ပြအပ်ပါသည်။

(ဒေါက်တာ စောမြအောင်)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
ဥက္ကဋ္ဌ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
(ဖျက်သိမ်းခံ)

(ခွန်ထွန်းဦး)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများ
ဒီမိုကရေစီအဖွဲ့ချုပ်

(နိုင်ထွန်းသိန်း)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)
ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(ဖျက်သိမ်းခံ)

(ကျင့်ရှင်းထန်)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
တီးတိန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
ဥက္ကဋ္ဌ၊ ဇိုမီးအမျိုးသားကွန်ဂရက်
(ဖျက်သိမ်းခံ)

**မိတ္တူကို –** ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့

## မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ခေါင်းဆောင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်



**ဝဲ မှ ယာ –**

**နိုင်ထွန်းသိမ်း – ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သံဖြူဇရပ် – ၂)**
**နိုင်သောင်းရှိန် – မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကော့ကရိတ် – ၂)**
**ဒေါ်အောင်ဆန်းစုကြည်– အထွေထွေအတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**နိုင်ငွေသိန်း – ဒု ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊**
**ဒေါက်တာမင်းစိုးလင်း – အထွေထွေအတွင်းရေးမှူး၊ မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေး – ၁)**
**ဦးခင်မောင်ကြည် – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်ပြည်နယ်၊**

## နအဖ စစ်အုပ်စု၏ ပြည်သူလူထုအပေါ် ခုတုံးလုပ်မှု မွန်ပြည်နယ်ပြည်သူတို့ထံမှ တုန့်ပြန်ချက်များ ပေါ်ထွက်လာ

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းတင်အပေါ် အယုံအကြည်မရှိ၊ လုံးဝမထောက်ခံတော့ကြောင်း ပြည်သူလူထုမှ ပြောဆိုစေရန် နအဖ စစ်အုပ်စုက ပြည်သူလူထုအား အတင်းအဓမ္မ ခုတုံးလုပ် ဆောင်ရွက်ခဲ့ပေသည်။

သို့သော်လည်း နအဖ ၏ ထိုကဲ့သို့သော မတရားသဖြင့် လုပ်ဆောင်ချက်များအား မကျေနပ်သည့် ပြည်သူလူထုတို့ထံမှ တုန့်ပြန်ပြောဆိုမှုများ ရှိခဲ့သည်။ နအဖ ၏ လိမ်လည်လှည့်ဖြားမှုကို ခံစားခဲ့ကြရပြီး မကျေမနပ်ဖြစ်နေသော ပြည်သူလူထုအချို့၏ တုန့်ပြန်ပြောဆိုချက်များအား အောက်တွင် ဖော်ပြလိုက်ပါသည်။

"ပြည်သူ့အခြေအနေမှာ အတင်းအဓမ္မ တက်ရောက်ခိုင်း၍ တက်ရောက်ကြခြင်းဖြစ်သည်။ စိတ်ဓာတ် လုံးဝမပါရှိသည်ကို တွေ့ရသည်။ အများအားဖြင့် မြို့နေလူထုသည် တက်ရောက်ခြင်းမရှိ။ ကျေးရွာသူရွာသားများမှာ ခြိမ်းခြောက်ခြင်းခံရ၍ အနည်းငယ် တက်ရောက်သည်။"

"ကျောင်းဆရာ၊ ဆရာမများ ကျောင်းသူကျောင်းသားများအား ဝတ်စုံ မဝတ်ဆင်စေဘဲ တက်ရောက်ခိုင်းသည်။ ကျောင်းဆရာဆရာမများအား မတက်လျှင် ရှေ့ဆက်တာဝန်မယူနှင့်တော့ (ဆိုလိုသည်မှာ အလုပ်ကဖြုတ်ပစ်ခြင်း ဖြစ်သည်) အပေါ်က ခိုင်းတာလုပ်"

"ဦးလွန်းတင်အား အင်မတန်မှ အားနာလှပါသည်။ အဘယ့်ကြောင့်ဆိုသော် လက်သီးလက်မောင်းတန်းပြီး အယုံအကြည်မရှိ ဆိုပြီး အပြစ်မရှိသူကို ကြိမ်းမောင်းအော်ဟစ်ရသော အလုပ်အား အင်မတန်မှ ဝန်လေးမိပါသည်။"

"ဦးလွန်းတင်နှင့် (NLD)မှ (၁၀)ဦးကော်မတီအဖွဲ့ကြီးအား ခွင့်လွှတ်ပါလို့ အနူးအညွတ်တောင်းပန်အပ်ပါသည်။ အန်တီစုနှင့် ဦးလွန်းတင်အပါအဝင် (၁၀)ဦးကော်မတီအဖွဲ့ဝင်အားလုံး ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံး ရောက်ကြပါစေ။"

"၇–၂–၉၉ ရက်နေ့က ဖြစ်ပျက်ပုံမှာ လုပ်ကြံမှုတရပ်ဖြစ်၊ လက်ရှိအစိုးရသည် လိမ်ညာခြိမ်းခြောက်မတရားမှုတွေ မျက်နှာပြောင်တိုက်ပြီး အရှက်တရားကင်းမဲ့စွာ လုပ်ရပ်တွေအပေါ် သိစေရန် တိုင်ရသည်။"

"ပြည်သူလူထု၏ အသဲကြားမှ မဲတပြားကို အတင်းခါးပြတိုက် အကြမ်းဖက် မတရားပြုလုပ်မှုကို စုစည်းတင်ပြခြင်း"

"သန်းခေါင်စာရင်း ခဏပေးပါဟု ဆိုပြီး ညသန်းခေါင် ၂၄း၀၀ နာရီတွင် အာဏာပိုင်များက လာရောက်သိမ်းယူပြီး နောက်တနေ့မှ လာယူခိုင်း၊ သွားရောက်သည့်အခါ အတင်းအဓမ္မ လက်မှတ်ရေးထိုးခိုင်းသည်။"

"ကျွန်တော်တို့ ကျောင်းသား ကျောင်းသူများသည် လက်ရှိအစိုးရ၏ ပြုမူလုပ်ဆောင်ချက်များကို လုံးဝမလိုလား"

"သူတို့ရဲ့ ပြောဆိုမှုတွေဟာ တဘက်သတ် မတရားဆန်လွန်းလှပါတယ်။"

"အမှန်ကိုပြောပြန်တော့လည်း ဖမ်းဆီးပြီး နှိပ်စက်တယ်။"

"သူတို့ပြောတော့ မြန်မာနိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ တိုးတက်နေပြီတဲ့၊ အဲဒါတွေ မတိုးတက်တဲ့အပြင် စားဝတ်နေရေးနဲ့ လူသုံးကုန်ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်တွေဟာ ပိုပြီးကြီးမားလာပါတယ်။"

❖

## တောင်းပန်အပ်ပါသည်

မိုးကြိုးသတင်းစဉ် အမှတ်(၄)၏ အချပ်ပို စာမျက်နှာ "မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ သမိုင်းဝင်ပုံရိပ်များ" အမှတ် (၃)၌ ဖော်ပြခဲ့သော ဆောင်းပါးရှင် 'မှိုင်းဆက်အောင်' ရေးသားသည့် "တော်လှန်ရဲရင်အောင်ပွဲရှိတယ်" ဆောင်းပါးမှ နအဖ စစ်အကျဉ်းထောင်တွင်း ကျဆုံးခဲ့ရသော ဒီမိုကရေစီ အာဇာနည်များစာရင်းတွင် (ဗိုလ်စက်ရောင်)အစား (ဆက်အောင်နိုင်)ဟု မှားယွင်းစွာ ဖော်ပြမိသဖြင့် အလေးအနက် တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**


မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်

# ဒီမိုကရေစီနှင့် အမျိုးသားခေါင်းဆောင်ကြီးများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအပေါ် အမြင်နှင့် သုံးသပ်ချက်များ

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ၏ အမြင်နှင့် သဘောထား



**ဦးတင်အောင်**
**ဥက္ကဋ္ဌ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**(လွတ်မြောက်နယ်မြေ)**

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနဲ့ပတ်သက်ပြီး ကျနော့်အမြင်ကို ပြောရမယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းနိုင်ခြင်းဟာ မြန်မာပြည်သူများအတွက် အလိုအပ်ဆုံး လိုအပ်ချက်ကို လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ပြောရရင် ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးက ပြည်သူလူထုလှုပ်ရှားမှု ရလဒ်နဲ့ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူလူထုကြီးရဲ့ လိုအင်ဆန္ဒအရ ပေါ်ပေါက်လာတဲ့ရလဒ်တို့ အကျိုးဆက်အဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ ပြည်သူလူထုကြီးအပေါ် သစ္စာထားရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ အခက်အခဲအကြပ်အတည်း မျိုးစုံကြားမှနေ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ် ပိုင်ခွင့်အရ အကောင်အထည်ဖော် ကြိုးပမ်းတာဖြစ်လို့ ဘယ်သူမှ ငြင်းမရပါ။ ဒါကြောင့် ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီရေးနဲ့ အမျိုးသားရေးတိုက်ပွဲ လှုပ်ရှားမှုကြီး ဆက်လက်အကောင်အထည်ဖော်ဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပြောရရင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ ဆောင်ရွက်ချက်များဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စတဲ့ ပြည်သူလူထု အခြေခံရပိုင်ခွင့်တွေကို ပြည်သူလူထုကိုယ်စား ရပ်တည်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီကနေ့ ကာလအခြေအနေတွေနဲ့ မကိုက်ညီတော့တဲ့ ပြည်သူလူထုတို့ရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်တဲ့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများနှင့် နအဖ စစ်အုပ်စုရဲ့ ဥပဒေမဲ့ တရားလက်လွတ် ဆောင်ရွက်ချက်များကို ကန့်ကွက်ရှုတ်ချခြင်းများကို တွေ့မြင်နေရပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုကြီးမှ မဲဆန္ဒပေးကြရခြင်းဟာ စစ်အုပ်စုယန္တရား အုပ်ချုပ်ရေးကို ဖယ်ရှားပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးကို ရည်ရွယ်ဦးတည်လို့ ဆန္ဒမဲ ပေးခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို လိုလားတောင့်တကြတာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာသည်အထိ ပြည်သူ့လွှတ်တော်ရဲ့ တာဝန်တွေကို ထမ်းဆောင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ ဆက်လက်တည်ရှိနေရမှာ ဖြစ်ပါတယ်။

❖

## အနာဂတ်တွင် ဆက်ထက်ထမ်းပိုးလုပ်ဆောင်သွားနိုင်စေကြောင်း ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းမှ ဆုမွန်ကောင်း တောင်း



**ဒေါက်တာစိန်ဝင်း**
**(ဝန်ကြီးချုပ်)**
**ပြည်ထောင်စုမြန်မာနိုင်ငံ**
**အမျိုးသားညွန့်ပေါင်းအစိုးရ**

မြန်မာနိုင်ငံတွင် "ပြည်သူ့လွှတ်တော်" မပေါ်ပေါက်မီကာလအတွင်း ပြည်သူတို့၏ ဆန္ဒကို တရားဝင် ဖော်ထုတ်နိုင်မည့်၊ ပြည်သူတွေကို ကိုယ်စားပြုမည့်"ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPP) ပေါ်ပေါက်လာသည့်အတွက် ကျွန်တော်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း ပြောလိုပါတယ်။

ဒီလို ကော်မတီပေါ်ပေါက်လာဖို့အတွက် စွန့်လွှတ်ခဲ့ကြတဲ့၊ ကြိုးပမ်းခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေ၊ လူပုဂ္ဂိုလ်တွေအားလည်း ကျွန်တော်တို့အနေနဲ့ ချီးကျူးဂုဏ်ပြုကြောင်း ပြောလိုပါတယ်။

နအဖ အနေနဲ့ "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ"အား အမျိုးမျိုး ရန်ရှာရန် ကြိုးပမ်းနေတာကို တွေ့နေရတယ်။ ဥပမာ NLD အနေနဲ့ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်နိုင်ဖို့အတွက် ပထမ CRPP ကို ဖျက်သိမ်းပေးရမယ်လို့ မတရား အဓိပ္ပါယ်မဲ့ တောင်းဆိုချက်တွေကို တောင်းလာတယ်။ တကယ်တော့ ပြည်သူလူထုဆန္ဒ ဖော်ထုတ်မယ့် ဒီကော်မတီဟာ ပြည်သူလူထု တောင်းဆိုနေတဲ့ "တွေ့ဆုံဆွေးနွေးရေး"အတွက် ဘယ်လိုမှ အဟန့်အတားဖြစ်မှာ မဟုတ်ပါဘူး။ ပို၍ ပံ့ပိုးနိုင်ရန်သာ အကြောင်းရှိပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဘာလုပ်ပေးရမယ်၊ ညာလုပ်ပေးရမယ် မပြောဘဲနဲ့ တိုင်းပြည်အရေး၊ ပြည်သူလူထုရဲ့ လတ်တလောနဲ့ အနာဂတ်ကောင်းစားရေးကို ရှေ့ရှုခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်က ကမ်းလှမ်းနေတဲ့ "တွေ့ဆုံဆွေးနွေး အဖြေရှာရေး" လမ်းပေါ် တက်လိုက်ပါလို့ နအဖ ကို တိုက်တွန်းလိုပါတယ်။ ယခုလို နှစ်ပတ်လည်နေ့မှာ "လွှတ်တော်ကိုယ်စားပြုကော်မတီ"အနေနဲ့ အနာဂတ်မှာ ဆထက်ထမ်းပိုးတိုး၍ လုပ်ဆောင်သွားနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ဒီတနှစ်တာ ခရီးအတွင်းမှာ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း CRPP ကို ပို၍အသိအမှတ်ပြုလာတာ တွေ့ရတယ်။

"ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ"အနေနဲ့ တနှစ်ကာလအတွင်း မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများကို တည်တည်ကြည်ကြည် မှန်မှန်ကန်ကန် လုပ်ဆောင်နေတာ တွေ့ရတဲ့အတွက် နှစ်ထောင်းအားရကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ယင်းကော်မတီရဲ့ လုပ်ငန်းအရပ်ရပ် အောင်မြင်ရေးအတွက် တတ်နိုင်တဲ့ဘက်ကနေ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ထပ်မံ ကတိပေးပါတယ်။ ❖

## လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့တာဝန်ကို သစ္စာရှိရှိ ဆောင်ရွက်နေ

### ဦးသာနိုးမှ ပြောကြား



**ဦးသာနိုး**
**(အတွင်းရေးမှူး)**
**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**

လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းတဲ့အပေါ် ကျနော်ရဲ့အမြင်ဟာ ပြည်သူက ပေးလိုက်တဲ့တာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ လုပ်သင့်တာကို လုပ်တာဘဲလို့ ကျွန်တော်မြင်ပါတယ်။ လုံးဝမှန်ကန်တယ်။ ပြည်သူ့လွှတ်တော် ပေါ်ထွက်လာတဲ့အထိ ဒေါ်အောင်ဆန်းစုကြည် ပြောသွားသလို တလက်မမျှ နောက်ဆုတ်မပေးဘဲ အဆင့်ဆင့် ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဖော်ဆောင်သွားနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ❖

## မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက ဤသို့ထုတ်ပြန်ကြေညာခဲ့မှု ရှိသည်

ရက်စွဲ ၁၉၈၈ ခုနှစ် ဩဂုတ်လ(၃၀)ရက်

၁။ ကျွန်ုပ်တို့နိုင်ငံခြားရေးဝန်ထမ်းများသည် မိတ်ပြည်သူများအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) ကျွန်ုပ်တို့သည် နိုင်ငံတော်ဝန်ထမ်းများ ဖြစ်ကြသည့်အလျောက် အမိနိုင်ငံတော်နှင့် ပြည်သူလူထု၏ ကျေးဇူးသစ္စာကို ထာဝစဉ် စောင့်သိရိုသေကြပါသည်။

(ခ) မဆလ ပါတီဦးဆောင်သည့် အစိုးရသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူမှုများကို လုပ်ဆောင်နေသဖြင့် ကျွန်ုပ်တို့ များစွာ စိတ်မချမ်းမသာ ဖြစ်ကြရပါသည်။

(ဂ) လွတ်လပ်၍ တက်ကြွသည့် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည် ဆိုသော်လည်း အနှစ်သာရမပါရှိသည့်လုပ်ရပ်များကို တာဝန်အရ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအတွက် ကျွန်ုပ်တို့မှာ အထူးမျက်နှာငယ်ခဲ့ကြရပါသည်။

(ဃ) တချိန်က ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားခဲ့ရသည့် နိုင်ငံတော်၏ အဆင့်အတန်းကို အမြန်ဆုံးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုပါသည်။

(င) ကေဒါမြုပ်နှံရေးမူဝါဒဟုအမည်ပေးကာ ပါတီနှင့် ကိုယ်ကျိုးအတွက် လက်သင့်ရာစားတော်ခေါ်ခဲ့ကြသူများ၏ ညံ့ဖျင်း၍ ကိုယ်ကျိုးအဓိကထားလုပ်ရပ်များ အမြန်ဆုံး ချုပ်ငြိမ်းစေရေးအတွက် မိတ်ပြည်သူများနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားကြမည် ဖြစ်ပါသည်။

(စ) ခေတ်သစ်ကမ္ဘာ့သမိုင်းတွင် မကြုံစဖူးထူးကဲသည့် မြန်မာနိုင်ငံ၏ လူထုတော်လှန်ရေးကြီးအတွက် အသက်ပေးခဲ့ကြရသည့် လူတန်းစားအလွှာအသီးသီးမှ အာဇာနည်ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများကို အလေးအနက် ဂုဏ်ပြုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့နိုင်ငံခြားရေးဝန်ထမ်းများသည် အောက်ပါအတိုင်း လိုလားချက်များကို အလေးအနက် တောင်းဆိုအပ်ပါသည်။

(၁) စစ်မှန်သောကြားဖြတ်ပြည်သူလူထုအစိုးရဖွဲ့စည်းရေး၊

(၂) နိုင်ငံတော်အတွင်းတရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး၊

(၃) ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ တရားမျှတသော ရွေးကောက်ပွဲကို အမြန်ဆုံးကျင်းပပြုလုပ်ပေးရေး၊

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရန်ကုန်မြို့**

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား နိုင်ငံတကာကမှ ထောက်ခံမှုများ တိုးပွားနေ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထောက်ခံမှုများ တနေ့တခြား ဆက်လက်တိုးပွားလာလျက်ရှိသည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော ဒင်းနစ်အမျိုးသားလွှတ်တော်နှင့် ဒိန်းမတ်နိုင်ငံရေးပါတီ (၅)ပါတီမှ လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်းအား ထောက်ခံကြောင်း ကြေညာခဲ့သည်။

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် CRPP အား ထောက်ခံကြောင်း ကြေညာချက်ပါဝင်သော ဗမာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်တရပ်ကို ဘယ်လ်ဂျီယံ ဆီးနိတ်မှ အတည်ပြုထုတ်ပြန်ခဲ့သည်။

လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာပြည်သူတို့၏ ဆန္ဒကို ဖော်ပြသည့် တရားဝင်အဖွဲ့အစည်းအဖြစ် အထိမ်းအမှတ်ပြုပေးရေးကို ကနေဒီအစိုးရအား ဗြိတိသျှ ကိုလံဘီယာပြည်နယ်ဥပဒေပြုလွှတ်တော်မှ အဆိုပြု တင်သွင်းခဲ့သည်။

၁၉၉၉ ခုနှစ် မေလအတွင်း ဩစတြေးလျ ကုန်ထုတ်လုပ်ရေး အလုပ်သမားများသမဂ္ဂမှ လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြောင်း ကြေညာခဲ့သည်။

ဥရောပနိုင်ငံ ၁၅ နိုင်ငံ ပါဝင်သော ဥရောပသမဂ္ဂမှ ၁၉၉၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်၌ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေး စတင်ရန်နှင့်၊ လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြုရန် နအဖအား EU မှ တောင်းဆိုခဲ့သည်။

အလားတူပင် ဥရောပ ပါလီမန် (IPY) မှ လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြုခဲ့သည်။ ယင်းမှထုတ်ပြန်သော ကြေညာချက်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာချက်စာတမ်း ပုဒ်မ ၂၁ အရ အာမခံထားသည့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ အရေးကိစ္စများကို ဆောင်ရွက်ရန် တာဝန်ရှိသည့်အပြင် ၁၉၉၀ ၏ ရွေးကောက်ပွဲအတွင်း ပြည်သူလူထုက ၎င်းတို့အား အပ်နှင်းလိုက်သည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်လိုအပ်သည်ဟု ဖော်ပြခဲ့သည်။ ❖

## အာဇာနည်တိုင်း သမိုင်းမသေ

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်**

# ဒီမိုကရေစီနှင့် အမျိုးသားခေါင်းဆောင်ကြီးများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအပေါ် အမြင်နှင့် သုံးသပ်ချက်များ

## လွှတ်တော်ကိုယ်စားပြုကော်မတီသည် အမှန်တကယ် လိုအပ်ကြောင်း ဗိုလ်ချုပ်ရွှေဆိုင်း ပြောကြား



ဗိုလ်ချုပ်စောရွှေဆိုင်း
(ဥက္ကဋ္ဌ)
အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု
(NDF)

လွှတ်တော်ကိုယ်စားပြုကော်မတီ ပေါ်ပေါက်လာတာဟာ ကျွန်တော်တို့ မြန်မာပြည်အတွင်းမှာ လက်ငင်းဖြစ်ပေါ်နေတဲ့ နအဖ ရဲ့ လုပ်ရပ်ဖြစ်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု၊ ဒီမိုကရေစီဆိတ်သုဉ်းမှု၊ မတရား နှိပ်စက်ညှင်းပမ်းသတ်ဖြတ်မှုများကို ရပ်တန့်သွားရေးနဲ့ စစ်မှန်တဲ့မြန်မာပြည် အတွင်းရှိ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ အကျိုးစီးပွားနဲ့ မကင်းကွာတဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးဖြစ်လို့ တော်သင့်မှန်ကန်တဲ့ ဖွဲ့စည်းခြင်း ဖြစ်တယ်လို့ မြင်ပါတယ်။ ကျနော် သိရသလောက် ပြောရရင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ လုပ်ရပ်တွေနဲ့ လုပ်ဆောင်ချက်တွေဟာ အမှန်တကယ်လုပ်အပ်တဲ့ လုပ်ရမယ့် လုပ်ငန်းတာဝန်တွေပဲ ဖြစ်တယ်။ ဒီလိုဆောင်ရွက်ချက်တွေအားလုံးကို မြန်မာပြည်သူတရပ်လုံး လုံးစေ့ပတ်စေ့ သိရှိ နားလည် သဘောပေါက်အောင် အောက်ခြေကျကျ ဖြန့်ဝေဖို့ကောင်းတယ်လို့ ထင်တယ်။ ဒါမှ ထိရောက်မယ်လို့ ထင်တယ်။ အမြင်အားဖြင့် ကြည့်ရင် ချွတ်ယွင်းအားနည်းချက် မတွေ့ရပါဘူး။ ဆက်ပြီးတော့ အားသွန်ခွန်စိုက်၊ သတ္တိရှိရှိ ဆောင်ရွက်သွားဖို့ပဲဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီရဲ့တိုက်ပွဲဝင်မှုဟာ မှန်ကန်တယ်လို့ မြင်ပါတယ်။ တနည်းအားဖြင့် အမျိုးသားလွတ်မြောက်ရေးနဲ့ ဒီမိုကရေစီရေးတာဝန်နှစ်ရပ်လုံးကို တကြိမ်ထဲ တပြိုင်ထဲ ထမ်းဆောင်နေလို့ပဲဖြစ်တယ်။ ဒီမိုကရေစီရေး အောင်ပွဲခံရင် အမျိုးသားလွတ်မြောက်ရေးကို ချန်ထားလို့ မဖြစ်သလို ဒီမိုကရေစီရေးကို ချန်ထားရင် အမျိုးသားလွတ်မြောက်မှာ မဟုတ်ဘူး။ ❖

## ဒေါ်အောင်ဆန်းစုကြည်အား အပြည့်အဝ ထောက်ခံဖို့ လိုတယ် ဗိုလ်ချုပ်ကြီးမြမှ ပြောကြား



ဗိုလ်ချုပ်ကြီးစောဘိုမြ
(ဥက္ကဋ္ဌ)
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
(ဥက္ကဋ္ဌ)
ကရင်အမျိုးသားအစည်းအရုံး

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ပေါ်လာတာ ကောင်းတာပေါ့။ ကျနော်တို့လဲ လိုလားတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေက အားမလျှော့ပဲ ညီညီညာညာ လုပ်သွားရင် ကောင်းတယ်လို့ ကျနော် ထင်တယ်။ ပြီးတော့ NLD ဟာ ဆန္ဒမဲ အပြည့်အဝ ရတာပဲ။ အမှန်မှာ ရသင့်ရထိုက်တဲ့အာဏာ သူတို့ ရသင့်တယ်။ အခု ဘာဖြစ်လို့ မရလဲ။ ကျနော်တို့ ဒီလိုခံနေလို့မဖြစ်ဘူး။ အနိုင်ရဖို့ ကျနော်တို့ ကြိုးစားရမှာပဲ။ ဒေါ်အောင်ဆန်းစုကြည်ကို အပြည့်အဝ ထောက်ခံဖို့ လိုတယ်။ ပြည်သူလူထုတရပ်လုံးပေါ့။ အားမလျှော့ပဲ လုပ်သွားဖို့ လိုတယ်။ ကြောက်စရာ မလိုဘူး။

အခု ဒေါ်အောင်ဆန်းစုကြည် လုပ်တာကိုတော့ ကျနော် သဘောကျတယ်။ မှန်လည်း မှန်ကန်တယ်။ တရားနည်းလမ်းအပေါ်မှာလဲ ရှိပါတယ်။ နောက် စစ်အာဏာရှင်ကို အကြမ်းနည်းနဲ့ သူမတိုက်ချင်ဘူး။ သူက ဒီမိုကရေစီနည်းအရ သဘောတရားအရပဲ တိုက်တာပဲ။ သူကလဲ တိုင်းသူပြည်သားအားလုံး ကောင်းစားစေချင်လို့ သူ လုပ်တာဖြစ်တယ်။ ဒါကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည်လုပ်တာ မှန်ကန်တယ်။ ရိုးသားတယ်။ အမှန်တရားလဲ ဖြစ်တယ်။ ❖

## လွှတ်တော်ကိုယ်စားပြုကော်မတီအား ဝိုင်းဝန်းထောက်ခံရန် လိုအပ်သည် ဘင်ဂျမင်တူးရိမ် ပြောကြား



ဘင်ဂျမင်တူးရိမ်
(အတွင်းရေးမှူးချုပ်)
ချင်းအမျိုးသားတပ်ဦး
(CNF)

NLD ဟာ ၁၉၉၀ ရွေးကောက်ပွဲရဲ့ အနိုင်ရပါတီဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်လုပ်တဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီဟာ စစ်အစိုးရရဲ့ အမျိုးမျိုး ဖိနှိပ်နေတဲ့ကြားက ဖော်ဆောင်နေတာ ဖြစ်တယ်။ စစ်မှန်တဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီကို ဒီ စစ်အစိုးရအနေနဲ့ နည်းမျိုးစုံသုံးပြီးတော့ မပျက်ပျက်အောင် ပြုလုပ်နေတာကို တွေ့ရတယ်။ ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေကို ဖြားယောင်း သွေးဆောင်ခြင်းသော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းသော်လည်းကောင်း၊ ထောင်သွင်းအကျဉ်းချခြင်းသော်လည်းကောင်း နည်းမျိုးစုံသုံးပြီး အနှောင့်အယှက်ပြုနေတာကို တွေ့ရတယ်။ ဒါကြောင့် ဒီအခြေအနေတွေရဲ့ တောင်းဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အနေနဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းရေး အတွက် ပြုလုပ်ခြင်းဟာ ဒီအခြေအနေနဲ့ လိုက်ဖက်တဲ့ သူ့ရဲ့နိုင်ငံရေး ဆောင်ရွက်ချက်ဖြစ်တယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းမှုအပေါ်မှာ ကျနော်တို့ ပြည်တွင်းမှာရှိတဲ့ ဒီမိုကရေစီအင်အားစုတွေ၊ ပြည်သူလူထုတရပ်လုံး၊ ပြည်ပရောက်နေတဲ့ ဒီမိုကရေစီအင်အားစုတွေ၊ လက်နက်ကိုင်အင်အားစုတွေ ဝိုင်းဝန်းပြီးတော့ ထောက်ခံသင့်တယ်လို့ ကျနော် ပြောလိုပါတယ်။ ❖

### ✡ ရေးရာကော်မတီများမှ

ကော်မတီသို့ တင်သွင်းခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသို့ ဆက်လက်တင်သွင်းရန် ကျန်ရှိနေသော စာတမ်းမှာ တောင်သူလယ်သမားရေးရာကော်မတီ၏ အကြံပြုစာတမ်းဖြစ်ပြီး၊ တိုင်းရင်းသားရေးရာကော်မတီ၊ ပညာရေးကော်မတီ၊ ကာကွယ်ရေးကော်မတီများမှ တင်သွင်းသည့် အကြံပြုစာတမ်းများနှင့် ပတ်သက်၍ အဓိကအကြောင်းအချက်များ၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ သက်ဆိုင်ရာကိစ္စများကို ထိုနေ့မှာပင် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဤကျန်ရှိနေသေးသော အကြံပြုစာတမ်းများနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့စွဲဖြင့်ထုတ်ပြန်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်အမှတ်–၄၄(၇/၉၉)တွင် ဖော်ပြပါရှိပါသည်။ ❖

### ● ရှေ့ဖုံး ဦးအောင်ရွှေမှ

များဆုံးရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားပါတီအသီးသီးတို့မှ ရွေးချယ်ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်မှတဆင့် တိုင်းပြည်၏ ကောင်းကျိုးကို သယ်ပိုးထမ်းဆောင်ရပေမည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် တရပ် ပေါ်ပေါက်လာရေးမှာ အဓိကကျသည့် အမျိုးသားနိုင်ငံရေးတာဝန် ဖြစ်ပေသည်။ ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာမှသာလျှင် တိုင်းပြည်၌ စစ်မှန်သော ဒီမိုကရေစီနိုင်ငံရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာမည်မှာလည်း နိုင်ငံရေး၏ သဘာဝအမှန်တရားပင်ဖြစ်သည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီး အမျိုးသားကွန်ဂရက်တို့က၊ ၆–၆–၉၈ ရက်စွဲဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့သောစာတွင် ပြည်သူ့လွှတ်တော် ခေါ်ယူရေးကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည် မဖော်နိုင်သေးခြင်းသည် မြန်မာ့သမိုင်းတွင် အမည်းစက်ကြီးဖြစ်နေပါသည်။ ထိုအမည်းစက်ကြီးကို ချေဖျက်နိုင်ရန်မှာ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ခေါ်ပေးရန်မှအပ အခြားနည်းလမ်းမရှိပေ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တရားနည်းလမ်းအရ ပြည်သူ့လွှတ်တော်ခေါ်ယူရန် ကြေညာလိုက်သည့်အခါ အာဏာပိုင်များက နိုင်ငံရေးကိစ္စများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်း မပြုခဲ့ပါ။ ပြည်သူကို ကာကွယ်ရာတွင်သာ သုံးရမည့်လက်နက်များကို အားကိုးအားထား အလွဲသုံးစားပြု၍ ယင်းတို့၏ အစဉ်တစိုက်လုပ်လေ့လုပ်ထရှိသည့်အတိုင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များကို လွှတ်တော်ခေါ်ယူခြင်း မပြုနိုင်ရန် ဖမ်းဆီးချုပ်နှောင်ထိမ်းသိမ်းထားလိုက်ပါသည်။

သို့နှင့် အာဏာပိုင်များက ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရန် တရားသဖြင့် တောင်းဆိုချက်ကို၊ လုံးဝဥဿုံလစ်လျူရှုလိုက်ပါသဖြင့် ပြည်သူလူထုအကျိုးကို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနိုင်ရန်လည်းကောင်း၊ ပုခုံးထက်သို့ ကျရောက်လာသော အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း နိုင်ငံတော်၏ အနာဂတ် နိုင်ငံရေးသမိုင်းတွင် အချုပ်အခြာအာဏာသည် ပြည်သူမှ ဆင်းသက်သည်ဟူသော ဒီမိုကရေစီကျင့်စဉ် အမြစ်တွယ်၍ ရှင်သန်နေစေရန်လည်းကောင်း၊ "၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့် ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ)"ကို ဖွဲ့စည်းလိုက်ရသည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုတိုင်းရင်းသားလူထုအပေါင်းသည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများ ရရှိစေရန်ပါဝင် ဆောင်ရွက်ကြရမည်ကို ကောင်းမွန်စွာ သိရှိကြသည်နှင့်အမျှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးပါတီ လေးပါတီတို့၏ တရားဝင် ကိုယ်စားလှယ် တဦးကိုပါ ၎င်းတို့၏ စိတ်ဆန္ဒသဘောအရ ထည့်သွင်း၍ ဖွဲ့စည်းထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် တိုင်းပြည်နှင့် ပြည်သူလူထုအားလုံး(အားလုံး)အတွက် အကျိုးပြုလုပ်ငန်းများကို ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာသည့်အခါ (ပေါ်ပေါက်လာရမည်လည်းဖြစ်ပါသည်) အဆင်သင့်ဆောင်ရွက်သွားနိုင်ရန်အတွက် ရိုးသားဖြောင့်မတ်ဖြူစင်စွာ စစ်မှန်သည့် ပြည်သူလူထု၏ ထောက်ခံမှုဖြင့် ကိုယ်အားရှိသမျှ ဉာဏ်အားရှိသမျှ ဆောင်ရွက်သွားမည်ကို သံန္နိဋ္ဌာန်ပြုထားပါကြောင်း။

**ဥက္ကဋ္ဌ ဦးအောင်ရွှေ၏ ပြောကြားချက်ကို ပြန်လည်ဖော်ပြပါသည်။**

### ❍ ဒေါက်တာဦးစောမြအောင်မှ

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပသည့်အခါ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအနေဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ ပြည်သူလူထုက ရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦး ဖြစ်သည်။

အထက်ပါ ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်စဉ်က ၎င်းသည် နအဖ ၏ အကျဉ်းစခန်းတခုတွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရပါသည်။ သို့သော်လည်း ၎င်းက လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းကို ဂုဏ်ယူစွာဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံပါကြောင်းနှင့် ထိုတာဝန်ကို အသက်သေဆုံးသည် အထိ ကျေပြွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်းကို ထိန်းသိမ်းရေး စခန်းအတွင်းမှ အကြောင်းပြန်ကြားစာ ပေးပို့ခဲ့ပါသည်။ ❖

**စစ်အာဏာရှင်**
**နိုင်ငံရေးစနစ်ဆိုးအောက်မှ**
**လူမျိုးစုံ**
**လွတ်မြောက်ရေးအတွက်**
**နည်းစုံလမ်းစုံဖြင့်**
**မီးကုန်ယမ်းကုန်**
**တိုက်ပွဲဝင်ကြပါစို့**

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်**

**"…. ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည် မဖော်နိုင်သေးခြင်းသည် မြန်မာ့သမိုင်းတွင် အမည်းစက်ကြီး ဖြစ်နေပါသည်။ ထိုအမည်းစက်ကြီးကို ချေဖျက်နိုင်ရန်မှာ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန်မှအပ၊ အခြား နည်းလမ်း မရှိပေ …."**

[နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့က (၆-၆-၉၈)ရက်စွဲဖြင့် ပေးပို့ခဲ့သောစာမှ]

# တည်ဆဲဥပဒေအချို့အား ပြည်သူ့လွှတ်တော်တွင် အတည်ပြုရန် ပြင်ဆင်ရန် ပယ်ဖျက်ရန် လွှတ်တော်ကိုယ်စားပြုကော်မတီမှ သဘောတူကြောင်း ထုတ်ပြန်ကြေညာ

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် လက်ရှိအသုံးပြုနေသော ဥပဒေအချို့အား ပြည်သူ့လွှတ်တော်က အတည်ပြုရန် ပယ်ဖျက်ရန်တို့အတွက် သဘောတူကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက သဘောတူညီထားသော ဥပဒေများမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၄/၈၈) အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၆/၈၈)ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၄/၈၉၊ ဒီမိုကရေစီကျင့်ထုံးကျင့်နည်းများနှင့် မကိုက်ညီသော ပြဋ္ဌာန်းချက်များကို ချန်လှပ်၍) ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ(၂၀)ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့သော ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းတို့ ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်အနေနှင့် ပြည်သူလူထု၏ အခြေခံအခွင့်အရေးများကို မထိခိုက်စေဘဲ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေးကို လုံလောက်စွာ အကာအကွယ်ပေးနိုင်ရန် တည်ဆဲဥပဒေအသီးသီးကို ပြန်လည်သုံးသပ်၍ ပြင်ဆင်သင့်က ပြင်ဆင်ရမည်ဆိုသည်ကို လွှတ်တော်ကိုယ်စားပြုကော်မတီက သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ ထိုဥပဒေများမှာ ပြည်သူ့လွှတ်တော်ဥပဒေနှင့် နည်းဥပဒေများ၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဥပဒေများ၊ နိုင်ငံသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ၊ သက္ကသိုလ်များအက်ဥပဒေ၊ အများပြည်သူအား အတင်းအကြပ် လုပ်အားပေးခိုင်းစေခြင်းနှင့် ပတ်သက်၍ အကျွမ်းဝင်သော ကျေးရွာအက်ဥပဒေ ပုဒ်မ(၈)နှင့် (၁၂)တို့ ဖြစ်ပါသည်။

ထို့ပြင် ပြည်သူလူထု(အထူးသဖြင့်) နိုင်ငံရေးသမားများအား မတရားသဖြင့် အရေးယူရာ၌ အလွန်အကျွံသုံးစွဲနေသော ပုဒ်မ(၈)အပါအဝင် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ပြည်သူလူထု(အထူးသဖြင့်) နိုင်ငံရေးသမားများအား မတရားသဖြင့် အရေးယူရာ၌ အသုံးပြုနေသည့် ပုဒ်မ(၁၀)ကို မဏ္ဍိုင်ပြုသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်က ထုတ်ပြန်ခဲ့သော နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတွင် နိဒါန်း၊ အခန်း(၁)ပါ ပုဒ်မ(၁)၊ အခန်း(၂)ပါ ပုဒ်မ(၂)နှင့် (၃) တို့မှတပါး ကျန်ရှိသောအခန်းနှင့် ပုဒ်မများမှာ ဆီလျော်ကိုက်ညီမှု မရှိတော့သဖြင့် ပြည်သူ့လွှတ်တော်မှ ပယ်ဖျက်ခြင်းပြုရန်ကို ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်ကို စစ်မှန်သော ဒီမိုကရေစီနိုင်ငံ ထူထောင်မည် ဖြစ်သဖြင့် ဒီမိုကရေစီအခြေခံမှုများနှင့်အညီ ဖြစ်သော နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေဖြစ်သည့်အပြင် တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်ပေးရန်အတွက် စာချွန်တော်အမိန့်များ(Writs)ဖြစ်သည့် ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပိုင်ပေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့်တို့အား ပြည်သူ့လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။ ❖

# လွှတ်တော်ပေါ်ပေါက်ရေးသည် အဓိက တွေ့ဆုံဆွေးနွေးရေးသည် ပဓာန

**'ကျမတို့က ကျမတို့နိုင်ငံကို တိုးတက်စေချင်လို့ လွှတ်တော်ခေါ်ယူရေးကိစ္စပြောနေတာ။ ဒီ လွှတ်တော်ခေါ်ယူရေးကိစ္စကို အမျိုးမျိုးရှောင်ရှားနေတယ်ဆိုတာ ပြည်သူလူထုနဲ့ နိုင်ငံအပေါ်မှာ စေတနာနည်းလို့ပဲ'**

**'အခု ပြည်သူလူထုကရွေးကောက်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေကို ဖမ်းဆီးချုပ်နှောင်ထားတယ်ဆိုတာဟာ ဘာကိုပြတာလဲဆိုတော့ ကျမတို့ နိုင်ငံမှာ ရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအားလုံးဟာ အဖမ်းဆီး အချုပ်အနှောင်အတွင်းမှာ နေရတယ်ဆိုတာကို ပြတာပဲ။'**

မှန်ပါသည်။ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်စေရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် ၎င်းတို့အား ထောင်ထဲသွားနေကြဖို့အတွက် ရွေးချယ်ပေးလိုက်သကဲ့သို့ ဖြစ်နေပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းသည် ပြည်သူအားလုံး၏ ဆန္ဒနှင့် ပြည်သူအားလုံး၏ ကံကြမ္မာကို ထောင်ချလိုက်ခြင်းသာ ဖြစ်ပေသည်။

ရွေးကောက်ပွဲ ဥပဒေပုဒ်မ(၃)တွင် **လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေအရ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်**ဟု ရှင်းလင်းပြတ်သားစွာပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော် ခေါ်ယူဖွဲ့စည်းခြင်းကို အာဏာပိုင်တို့က ဆောင်ရွက်ပေးမည်ဟု အတိအလင်းပင် ကြေညာခဲ့ပါသည်။

ကြေညာချက် (၁/၉၀)မှ အပိုဒ်(၂၀)တွင်လည်း ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည်ဟု ဖော်ပြထားပြန်ပါသည်။

ထို့ပြင် ရွေးကောက်ပွဲပြီးလျှင် ပြည်သူ့လွှတ်တော်ခေါ်ယူပြီး အနိုင်ရသောပါတီက ကမကထပြု၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအဟောင်းများကို ပြုပြင်ပြီး သုံးလိုကသုံးပါ။ အသစ်ရေးဆွဲလိုကရေးဆွဲပါ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မိမိတို့က ရေးဆွဲမှာ မဟုတ်။ သမိုင်းမှာ တရားခံအဖြစ်မခံနိုင်ဟု ကြေညာပြောဆိုခဲ့ပါသည်။

သည်နောက်တွင်လည်း **'ပြည်သူတွေက ဒီမိုကရေစီ လုပ်ပိုင်ခွင့်အရ ရွေးကောက်တင်မြှောက်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့အစည်းကို နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးပြီးတာနဲ့ ကျွန်တော်တို့ရဲ့ မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်တွေကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကတိပေးလိုပါတယ်'**ဟူ၍လည်းကောင်း ကတိအကြိမ်ကြိမ် ပေးခဲ့သည်။

သို့သော် ယခုကဲ့သို့ လွှတ်တော်ခေါ်ယူပေးရန် ပျက်ကွက်ခြင်းသည် ပြည်သူလူထုကြီး၏ ဆန္ဒကို မျက်ကွယ်ပြုရာရောက်ရုံသာမက သူတို့ထုတ်ပြန်သော ဥပဒေများ၊ အမိန့်၊ ကြေညာချက်များ၊ တိုင်းပြည်သို့ ကတိစကားများကိုလည်း သူတို့ကိုယ်တိုင် အရှက်မဲ့စွာ ချိုးဖောက်ရာ ရောက်ပါသည်။ ဥပဒေပြုသူ၊ ဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသူများသည် ဥပဒေကို မချိုးဖောက်ရပါ။ (Lawmaker should not be Law breaker)ဟု နိုင်ငံတကာဥပဒေများက ဖွင့်ဆိုထားပါသည်။

**မှိုင်းဆက်ဒေါင်း**

ယနေ့ ပြည်သူလူထုကြီးသည် အငတ်ဘေး ကျရောက်လုနီးပါး စားဝတ်နေရေး ကပ်ဆိုးကြီးနှင့် ရင်ဆိုင်နေရသည်။ စစ်အာဏာရှင်တို့၏ နှိပ်စက်ဖိစီးမှုဒုက္ခအဝဝကိုလည်း နေ့စဉ်နှင့်အမျှ ခါးစည်းခံနေကြရသည်။ ဤသို့ တိုင်းပြည်ပေါ်တွင် ကျရောက်နေသော ဘေးဒုက္ခများ၊ အခက်အခဲပြဿနာများကို ဖြေရှင်းသွားရန်မှာ ပြည်သူလူထုက ဆန္ဒမဲဖြင့် ရွေးချယ်ခန့်အပ်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၌ လုံးဝ တာဝန်ရှိနေပေသည်။ တနေ့တခြား ဆိုးရွားလာသော တိုင်းပြည်၏ ကံကြမ္မာသည် ပြည်သူ့လွှတ်တော်က အချိန်မီ ကုစားနိုင်မှု၊ စီမံခန့်ခွဲနိုင်မှုအပေါ် မှီတည်နေ၏။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေး၊ နိုင်ငံတော်၏ လက်ငင်းပြဿနာ ဖြေရှင်းရေးနှင့် ရေရှည်အကျိုးစီးပွား ဖော်ဆောင်ရေးတို့အတွက် ပြည်သူ့လွှတ်တော်အမြန်ဆုံး ပေါ်ပေါက်လာရေးသည် အဓိကကျသော အမျိုးသားနိုင်ငံရေးပင်ဖြစ်သည်။

သို့ဖြစ်၍ (၂၅-၃-၉၆)နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ခေါ်ယူပေးရန် နအဖ ထံသို့ "ပထမအကြိမ် ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပမည့်ရက် သတ်မှတ်ရန်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ရေးအတွက် စီစဉ်ပေးရန်ကိစ္စ"ကို တာဝန်သိစွာဖြင့် အကြောင်းကြားခဲ့ပေသည်။ နအဖ တို့က လျစ်လျူရှုနေခဲ့သည်။ ထို့နောက် တဖန် (၂၃-၆-၉၈)နေ့တွင် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် ဥပဒေအရ တာဝန်ရှိသော အာဏာလက်ကိုင်များထံသို့ (၂၁-၈-၉၈)ရက်နေ့မတိုင်မီ လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးပါရန် တောင်းဆိုခဲ့ပြန်သည်။ သို့သော် နအဖ တို့က လျစ်လျူရှုဆဲပင်ဖြစ်သည်။ ရွေးကောက်ပွဲပြီး၍ (၉)နှစ်ကြာသည်အထိ လွှတ်တော် ခေါ်မပေးနိုင်လောက်အောင် တိုင်းပြည်နှင့် လူမျိုးအပေါ် ဖြောင်ကျကျ ကောက်ကျစ်ရက်စက်မှုမျိုး တခြားမည်သည့် နိုင်ငံမှ မရှိခဲ့ဖူးပါ။ ကမ္ဘာ့သမိုင်းတွင် စစ်အာဏာရှင်တို့၏ သေရာပါသည့်တိုင်အောင် မိုက်တွင်းနက်နေဦးမည့် အမှတ်အသားများပင်ဖြစ်ပေ၏။

ထိုသို့ နအဖ က လွှတ်တော်ခေါ်ယူပေးရန် အစဉ်တစိုက် ငြင်းဆိုနေမှုတို့ကြောင့် ပြည်သူလူထု၏ တခဲနက်သောဆန္ဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီ(၄)ပါတီ၏ တရားဝင် ကိုယ်စားလှယ်ပါဝင်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီကို ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ပါသည်။

ယင်းကော်မတီကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အသိအမှတ်ပြုခဲ့ပြီး၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ထောက်ခံခဲ့လေသည်။ ကျောင်းသားပြည်သူများကလည်း ထောက်ခံမှုများ ပြသခဲ့ကြသည်။

ယင်းလွှတ်တော်ကိုယ်စားပြုကော်မတီ မဖွဲ့မီကတည်းက နအဖ သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၂၀၀)အပါအဝင် အဖွဲ့ချုပ်အဖွဲ့ဝင် အောက်ခြေအဆင့်ထိ (၁၀၀၀)ကျော် ဖမ်းဆီးခဲ့သည်။ တချို့ကို အကြပ်ကိုင် ဖိအားပေးပြီး နှုတ်ထွက်ခိုင်းတာ၊ ဆိုင်းဘုတ်ဖြုတ်ချခိုင်းတာတွေ လုပ်ခဲ့သည်။ အတင်းအဓမ္မနှင့်တမျိုး၊ လိမ်ညာလှုံ့ဆော်၍ တမျိုး ရှုတ်ချပွဲအတုတွေ လုပ်ခဲ့သည်။ မနှုတ်ထွက်ဘဲ ကြံ့ကြံ့ခိုင် ရပ်တည်နေသူများ၏ မိသားစုများကို လူမှုရေး၊ စီးပွားရေးဟန့်တားနှောက်ယှက်မှုများ လူမဆန်စွာ ပြုကျင့်ခဲ့ကြသည်။ အတင်းအကြပ် ခြိမ်းခြောက်အနိုင်ကျင့်သော်လည်း မချသော ဆိုင်းဘုတ်များကို ထောက်လှမ်းရေးအဖွဲ့ဝင်များက ကြံ့ဖွတ်များကို သုံးပြီး ညသန်းခေါင်တွင် လျှပ်စစ်မီးဖြတ်၊ မျက်နှာဖုံးများစွပ်ကာ ခိုးယူကြသည်။ ချောင်းဦးမြို့နယ်ဆိုင်းဘုတ်နှင့် အမရပူရမြို့နယ် ဆိုင်းဘုတ်များမှာ အလားတူအခိုးခံရသည်။ အိမ်ရှင်များက မျက်မြင်သက်သေ အထောက်အထား အပြည့်အစုံဖြင့် ရဲစခန်းများတွင် အမှုဖွင့် တိုင်ကြားသော်လည်း အရေးယူခြင်းကား မရှိပေ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို သူတို့ကိုယ်တိုင် ပျက်ပြားအောင် လုပ်နေခြင်းပင်။

ရွေးကောက်ပွဲပြီးသည်နှင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တာဝန်များသည် ပြီးပြတ်သွားခဲ့လေပြီ။ လွှတ်တော်ကိုယ်စားလှယ်ကို ဖမ်းဆီး၍ အတင်းအကြပ် ဖိအားပေးပြီး နှုတ်ထွက်ခိုင်းခြင်းသည် ပြည်သူ့ဆန္ဒကို အနိုင်ကျင့် စော်ကားခြင်းသာဖြစ်သည်။

စင်စစ် လွှတ်တော်ကိုယ်စားလှယ် နှုတ်ထွက်လွှာကို လွှတ်တော်ပေါ်ပေါက်လာသောအခါမှ လွှတ်တော်ဥက္ကဋ္ဌ ကသာ စိစစ်လက်ခံနိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းသည် လွှတ်တော်စတင်သည့် ပထမနေ့မှစ၍ ရေတွက်ရန်သာ ဖြစ်သည်။ ထို လွှတ်တော်ကပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွှတ်တော်၏ သက်တမ်းကို သတ်မှတ်အတည်ပြုပေးရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ လွှဲအပ်သော နိုင်ငံတော်တာဝန် အရပ်ရပ်ကို ယနေ့တိုင် ဆောင်ရွက်ခွင့် မရသေး။ ထိုအခြေအနေတွင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ကြံ့ဖွတ်များကို စုစည်း၍ အယုံအကြည် မရှိ အဆိုတင်သွင်းနေကြသည်။ ပြည်သူလူထု၏ ဆန္ဒအမှန်ကို တကယ်ကြားရဲရင် လူထုဟောပြောပွဲတခုလောက် လုပ်ကြည့်စေချင်သည်။ **'စစ်အာဏာရှင်ကို ဖြုတ်ချကြ'**ဆိုသော လူထုအသံကို ကမ္ဘာကွဲအောင် ကြားသွားရလိမ့်မည်။ လူထုကြီးက ဒုက္ခမီးတွေ ပင်လယ်ဝေနေသည်။ လွှတ်တော် မြန်မြန်ပေါ်စေချင်သည်။ အဖွဲ့ချုပ်ပေါ်ကို စိတ်မရှည်ချင်တော့။ ဒါကို အဖွဲ့ချုပ်က မကြာခဏ ရှင်းပြရသည်။ "နိုင်ငံရေးလုပ်တယ်ဆိုတာ စိတ်ခံစားမှုနဲ့ လုပ်လို့မရဘူး။ ဉာဏ်ပညာနဲ့သာ လုပ်ရတယ်။ အရေးတော်ပုံတခုမှာ သန္နိဋ္ဌာန် ခိုင်မြဲဖို့လိုတယ်'ဟု ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြခဲ့ဖူးပါသည်။ နိုင်ငံရေးမှာ စိတ်ကူးယဉ်လို့မရ၊ အဓိပ္ပါယ်ရှိရှိ လက်တွေ့ကျကျ ဖြစ်ဖို့ လိုသည်။

ဤကဲ့သို့ 'လွှတ်တော်ကိုယ်စားပြုကော်မတီ' အောင်မြင်စွာ ဖွဲ့စည်းနိုင်ခြင်းမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ပိုင်ခွင့်အာဏာ (MANDATE)ကို ၁၉၉၆ ခု စက်တင်ဘာလကတည်းက အမြော်အမြင်ရှိရှိ စတင်စုဆောင်းခဲ့၊ ပြင်ဆင်ခဲ့၍ဖြစ်သည်။ ပြည်သူလူထုကြီး အထူးစိုးရိမ်ပူပန်နေသော နအဖ တို့၏ အမျိုးသားညီလာခံကိစ္စ၊ ရွေးကောက်ပွဲအသစ်ကိစ္စနှင့်ပတ်သက်၍လည်း အဖွဲ့ချုပ်က ဒီမိုကရေစီ

စာမျက်နှာ(၁၁)ကော်လံ(၁)သို့ ○

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်**

# မှိုတက်ဓာတ်ပြား၊ လူထုမုန်တိုင်းနှင့် ၂၁ ရာစု

**ဂုဏ်နည်း**

"ဒီကနေ့ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းမျိုးပေါ်ပေါက်အောင် ဆူပူလှုပ်ရှားမှုမျိုးကို လုပ်ဆောင်နေကြတဲ့ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အင်အားစုများရဲ့ ဆန့်ကျင်ဘက်လှုပ်ရှားမှုများမှာ ပါဝင်ကြတဲ့ ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီး ပြည်သူလူထုသိရှိအောင် ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲဖြစ်ကြောင်း...."

ည (၈း၀၀)နာရီ။ မြန်မာ့အသံသတင်း လွှင့်ချိန်။ ရေဒီယိုမှတဆင့် သတင်းကြေညာသူ အမျိုးသားတဦး၏ အသံကို ကျနော်ကြားနေရသည်။ များသောအားဖြင့် မြန်မာ့အသံမှ သတင်းများကို ကျနော် နားမထောင် စိတ်မဝင်စား။ သို့သော် ယခုလို သတင်းစာရှင်းလင်းပွဲမျိုး အသံလွှင့်လျှင်ဖြင့် အာရုံစိုက်ဖြစ်မိသည်။

"ကိုးလေးလုံးလို့ သူတို့ ပြောနေကြတဲ့ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့မှာ လူထုဆူပူအုံကြွမှုကြီး ပေါ်ပေါက်စေဖို့ လုပ်ကြံဖန်တီးမှုတွေ ပြုလုပ်နေကြတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဖမ်းဆီးဖော်ထုတ်ရရှိတဲ့ အကြောင်းအရာများကို ရှင်းလင်းတင်ပြမှာ ဖြစ်ကြောင်း ...."

သတင်းကြေညာသူသည် စာရွက်ထဲမှ အသင့်ရေးပြီးသား စကားလုံးများကို အသက်မဲ့စွာဖတ်ကြားနေသည်။ သူ့အသံလှိုင်းကြားထဲ ကျနော့်အသိစိတ်သည် ပူးကပ်သွားလိုက်၊ လွင့်ပျံသွားလိုက်ဖြစ်နေသည်။ ရှစ်လေးလုံးလို လူထုအုံကြွမှုမျိုး ကိုးလေးလုံးမှာ ပေါ်ပေါက်အောင် ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက လှုံ့ဆော်နေခြင်း ....။ NCUB၊ NCGUB၊ ABSDF၊ NLD-LA၊ နယ်စပ်ဒေသက အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ပြည်ပြေးအဖွဲ့တွေ။ ဗိုလ်ချုပ်မြ၊ ဒေါက်တာစိန်ဝင်း၊ မိုးသီးဇွန်၊ ဒေါက်တာနိုင်အောင်၊ ဦးတင်မောင်ဝင်း၊ အမျိုးသားသစ္စာဖောက်တွေ၊ နယ်ချဲ့လက်ကိုင်ဒုတ်တွေ၊ နိုင်ငံတော်ပြိုကွဲအောင် ဖန်တီးသူတွေ၊ တပ်မတော်ကို သပ်လျှိုသွေးခွဲသူတွေ၊ ဆူပူမှုဖြစ်အောင် လှုံ့ဆော်သွေးထိုးသူတွေ ....။

စစ်အုပ်စုသည် ယခု ပုတ်ခတ်စွပ်စွဲမှုလို မှိုတက်နေသောဓာတ်ပြားဟောင်းအား အဖန်တရာမက ဖွင့်ခဲ့ပြီးပြီ။ ယခုလည်း ဖွင့်နေဆဲ ....။ ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ကွန်မြူနစ်များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်ပွားခဲ့သည်ဟု ပုတ်ခတ်စွပ်စွဲခဲ့ဖူး၏။ ကျနော် နားလည်သည်မှာ ရှစ်လေးလုံးသည် ခေတ်သစ်မြန်မာ့သမိုင်းတွင် အကြီးမားဆုံး လူထုအရေးတော်ပုံကြီး ဖြစ်သည်။ စစ်တပ်ကြီးစိုးမှုအောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ချွတ်ခြုံကျမှုများကို သည်းမခံနိုင်တော့သည့်အဆုံး မြန်မာနိုင်ငံတနံတလျား လူထုလူတန်းစားပေါင်းစုံ သပိတ်မှောက်ဆန္ဒပြခဲ့ကြသည်။ မြို့ပြ၊ ကျေးလက်လမ်းမများပေါ် လူပင်လယ်ကြီး လှိုင်းထခဲ့သည်။ ငြိမ်းချမ်းစွာ မုန်တိုင်းထန်ခဲ့ကြသည်။ သို့သော် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တောင်းဆိုနေကြသည့် လူထု၏ လမ်းမများပေါ်သို့ စစ်အုပ်စုက ကျည်ဆံမိုးများသာ ရွာချပေးခဲ့လေသည်။ လူထု၏ အိပ်မက်များကို အကျဉ်းစခန်းများထဲသို့ ထည့်သွင်းဖျက်ဆီးပစ်ခဲ့သည်။ အမှန်တရားကိုမြှတ်နိုး၍ အများအကျိုးစီးပွားကို ရည်မျှော်၍ အသက်စွန့်ရသည်အထိ မိမိယုံကြည်ချက်ကို မစွန့်လွှတ်ပဲ တိုက်ပွဲဝင်နေသူများအား မည်သို့ပင် ပုတ်ခတ်စွပ်စွဲစေ၊ မည်သို့ပင် ဖမ်းဆီးနှိပ်စက်စေ၊ သူတို့၏ သူရဲကောင်းစိတ်ဓာတ်များကို ချိုးနှိမ်၍ မရကြောင်း၊ ယခု စစ်အုပ်စု၏ သတင်းစာရှင်းလင်းပွဲကပင် သက်သေထူနေသည် မဟုတ်ပါလား။ ရှစ်လေးလုံးတွင် စီးဆင်းခဲ့သော သွေးစီးကြောင်းများ ကိုးလေးလုံးတိုင် မခြောက်သေးကြောင်း သက်သေပြမှုတခု ....။

ပြီးခဲ့သည့် သတင်းပတ်များအတွင်း မြန်မာပြည်အနယ်နယ်အရပ်ရပ်၌ ပျောက်ကြားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဆန္ဒပြသူများသည် ကိုးလေးလုံးတွင် လူထုတိုက်ပွဲဆင်နွှဲရန် လှုံ့ဆော်စာများ၊ ပိုစတာများ၊ မှတ်ဆေးဘူးများဖြင့် စာရေးခြင်းများ ပြုလုပ်ကြကြောင်း သတင်းများ ကြားသိနေရသည်။ ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြောင်း ရေးသား ဖြန့်ဝေနေကြ၏။ **ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် လူထုနှလုံးသားမှဖူးပွင့်လာသော ပန်းတခင်း၊ စစ်အာဏာရှင်အမှောင်တိုက်ကြားမှ လွတ်မြောက်ရေးအလင်းရောင်။** စစ်အုပ်စုသည် လူထုအင်အားကို အခြေခံသော လှုပ်ရှားမှုတိုင်းကို ကြောက်ရွံ့၏။ အသိအမှတ်မပြု။ ထို့ကြောင့် ရှစ်လေးလုံးအရေးတော်ပုံကို အပုပ်ချခဲ့၊ ၁၉၉၀ မေလ ရွေးကောက်ပွဲကို ငြင်းပယ်ခဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ လူထုအင်အားသည် သမိုင်း၏ မောင်းနှင်အား ဖြစ်သည်။ လူထုခြေတလှမ်း လှမ်းလျှင် ခေတ်တခေတ်ပြောင်းသွားနိုင်၏။ ယခုတလော မြန်မာနိုင်ငံ၏ အခြေအနေသည် မီးတောင်တလုံး ပေါက်ကွဲကာနီးလို ဖြစ်ပျက်နေသည်ဟု ကျနော် ခံစားမိသည်။ လူထုလှုပ်ရှားမှု အငွေ့အသက်များလည်း ရှူရှိုက်မိနေသည်။ လူထုသည် ရှစ်လေးလုံးမှာလို ခြေ တလှမ်း လှမ်းတော့မည်လား။ ကိုးလေးလုံးဟာ ရှစ်လေးလုံးနဲ့ တသွေးတည်း၊ တသားတည်းဖြစ်မလား။ လူထုတရပ်လုံး ဟန်ချက်ညီညီ ရှန်းထနိုင်ဖို့ ကျရာနေရာက ကျနော်တို့ ဝိုင်းဝန်းဆောင်ရွက်သင့်ကြသည်။ **ယခုအချိန်တွင် လူထုတရပ်လုံးက ချစ်ခင်လေးစားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုး ရှိနေပြီ။ လူထုဆန္ဒကို ဖော်ထုတ်ဆောင်ရွက်ပေးမည့် လူထုတပ်ဦး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီလည်း ရှိနေပြီ။** နိုင်ငံတကာမိသားစုများ၏ အားပေးထောက်ခံမှုလည်း ရှိနေပြီဖြစ်သည်။ ကျနော်တို့အားလုံး ကြောက်ရွံ့ခြင်းနှောင်ကြိုးများကို ရိုက်ချိုးဖျက်ဆီးပြီး သတ္တိရှိရှိ လုပ်ကိုင်ဆောင်ရွက်ကြရမည့် အချိန်ကောင်းပင်။ စာရေးဆရာ မောင်သစ်ဆင်းက ၂၁ ရာစုကို ကြောက်တတ်သူ မဝင်ရတဲ့ ....။

၂၁ ရာစုကို ကျနော်တို့ ဘယ်လိုပုံစံ ဝင်ကြမလဲ။ သမိုင်းသင်ခန်းစာများ ရှိပြီးဖြစ်သည်။ မြန်မာ့သမိုင်းတွင် အုပ်စိုးသူလူတန်းစားများ၏ ဘုန်းတော်ဘွဲ့များသာ နေရာယူ ကြီးစိုးခဲ့ဖူးသည်။ ၁၉ ရာစုတခုလုံး ပဒေသရာဇ်မင်းများ၏ ဓားသွားအောက် ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သော လူထုမှာ သမိုင်းတွင် နေရာမရှိခဲ့။ ပဒေသရာဇ်များ အာဏာစည်းစိမ်ယစ်မူးရန် အသုံးတော်ခံဘဝမျှသာ။

၂၀ ရာစု ကိုလိုနီလက်အောက်တွင်မူ ခေတ်မီသည့် အတွေးအခေါ်ရှိသော လူငယ်များသည် အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေးအတွေးအခေါ်များကို လူထုကြားထဲ စီးဆင်းစေပြီး လူထုလှုပ်ရှားမှုများဖြင့် လက်တွေ့ဆောင်ရွက်ခဲ့ကြ၊ စုပေါင်းအားထုတ်ခဲ့ကြသည်။ လူထုအင်အားဖြင့် နယ်ချဲ့ကို မောင်းထုတ်ခဲ့ကြ၊ ဖက်ဆစ်ကို တော်လှန်ခဲ့ကြ၊ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ မြန်မာ့သမိုင်းကို ပဒေသရာဇ်ရွှေနန်းတော်မှ လူထုရင်ခွင်ကြားသို့ ဆွဲယူလာခဲ့ကြခြင်း။

ယနေ့ခေတ်တွင်လည်း သမိုင်းအမွေဖြစ်သည့် လူထုရင်ခုန်သံတေးသွားများကို လက်ဆင့်ကမ်း သယ်ဆောင်သွားရမည့် တာဝန်တံပိုးမှာ ကျနော်တို့ ပခုံးပေါ်တွင် တည်ရှိနေပေပြီ။ အုပ်စိုးသူလူတန်းစားများ၏ ဘုန်းတော်ဘွဲ့ဓာတ်ပြားဟောင်းကို မကြားချင်တော့ပေ။

ကျနော်သည် စစ်အုပ်စု သတင်းစာရှင်းလင်းပွဲအသံလွှင့်ချက်များကို ပိတ်ပစ်လိုက်သည်။ ထို့နောက် ဂစ်တာကို ကောက်ကိုင်လိုက်ပြီး ကိုမွန်းအောင်၏ သီချင်းတပုဒ်နှင့် ညကောင်းကင်ထဲ ရွက်လွှင့်လိုက်တော့၏။

"လမ်းမထက် ကျတဲ့သွေးတွေ ပျောက်ပျက်ကာသွားပြီ မထင်နဲ့လေ....

ချောင်းထဲမှ မြစ်သို့ စီးဝင် သွေးမြစ်တွေ ရဲရဲနီသတဲ့ ဟေ ....

မြစ်တွေထဲမှပင်လယ်ဆီ သမုဒ္ဒရာတွေ ရဲရဲနီ ....

နေပူရှိန်မှာ အခိုးအငွေ့တွေ ပျံလို့ သွေးမိုးတိမ်တွေဖွဲ့ ....

ကောင်းကင်နီရဲ သွေးမုန်တိုင်း တိုက်ခတ်ပြီလေ ....

ဟောင်းနွမ်းတဲ့ အဆောက်အဦတွေ ဖြိုဖျက်ပစ်ဖို့ ....

ဖောက်ပြန်တဲ့ လူတန်းစားတွေ တိုက်စားပစ်ဖို့ ....

ဟေး....မုန်တိုင်းကိုဂုဏ်ပြုကြ....

ဟေး .... မုန်တိုင်းမှာ ပျော်ပါးကြ ...."

❖

## လောကဟိတကြယ်စု

○ ဆန္ဒမဲတစ်ပြားဟာ
ကျည်ဆံတစ်တောင့်ထက်
တန်ဘိုးတက်တယ်။

○ လူထုရဲ့ဆန္ဒ
လူထုရဲ့ ယုံကြည်ချက်
လူထုရဲ့ မျှော်လင့်ချက်မှန်သမျှ စုစည်း
ထိန်ထိန်ညီးညီး
ကြယ်ဆယ်ပွင့် ထွန်းပေါ်လာရ။

○ ၁၉၉၀ လူထုရင်ထဲက လှိုင်းလုံး
အခု အချိန်ကိုက်ဆုံးပဲ၊
အို ... လောကဟိတကြယ်စု
လူထုရဲ့ ကြယ်ဆယ်ပွင့်
အို ... လူထုအလင်းတန်း
လူထုစိတ်ဝမ်းအေးချမ်းပါစေတော့။

○ ပျံသန်းနေရရင် ပြီးရော
ဘာမှ မစောကြောရင်
လိပ်ပြာနဲ့လည်း သဘောမတူဘူး
သူတို့ဟာ လိပ်ပြာမဟုတ်ဘူး
ထရိုဂျင်မြင်း လိမ်ညာခြင်းတွေ၊
အို ... လောကဟိတကြယ်စု
တူသူတွေနဲ့ လက်တွဲ
မတူသူတွေနဲ့ လမ်းခွဲ
ခွဲပါ၊ ကွဲပါ။

○ ပင်လယ် ဗီဇာ ဖျံတွေ
မိုးမခပင်ကြီးကို ချစ်တယ် ချစ်တယ်နဲ့
မိုးမခပင်က အခေါက်တွေ ခွာစား
ကြာတော့ ... ...
မိုးမခပင်ကြီး သေပါရောလား။

○ ကယ်တင်တယ်
ကယ်တင်တယ်နဲ့
တကယ်က
သူတို့ မကယ်တင်တာကမှ
တကယ် ကယ်တင်တာပါ
အို ... လောကဟိတကြယ်စု
အို ... ကြယ်ဆယ်ပွင့်
တိုင်းပြည်ကို ကယ်တင်တယ်ဆိုသူများလက်မှ
(အမြန်တကာ့ အမြန်ဆုံး)
ကယ်တင်ပါ။

○ ထာဝရရန်သူ မရှိဘူး
ရန်သူကိုလည်း
တော်စေချင် သိစေချင်တယ်
ငြိမ်းချမ်းရေးဆိုတာ
"ရန်သူတော်"နဲ့မှ လုပ်ရတာမျိုးပဲ။

○ အို ... လောကဟိတကြယ်စု
အို ... ရန်သူတော်တို့
ငြိမ်းချမ်းကြပါစို့။

**အ ၈၀း လူ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ (၉)နှစ်ပြည့်မြောက် အထိမ်းအမှတ်စာစောင်မှ ပြန်လည်ကူးယူဖော်ပြသည်။

အယ်ဒီတာ
ကိုပုည

မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

မိုးကြိုး သတင်းစဉ်သို့
ဆောင်းပါးများ၊ သတင်းများနှင့်
ဝေဖန်အကြံပြုစာများ
ပေးပို့ဆက်သွယ်နိုင်ပါသည်။

THE LIGHTNING NEWSLETTER
P.O. BOX (1232)
NA NA POST OFFICE
BANGKOK 10112
THAILAND.
E-mail : bina@loxinfo.co.th

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်

## ၁၉၉၉ ခုနှစ်၊ မေလ(၂၇)ရက်နေ့ (၉)နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ဆုံးဖြတ်ချက်များ

(၂၁–၅–၉၉ ရက်နေ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ)

### ဆုံးဖြတ်ချက် အမှတ်(၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးပြီးနောက် ယင်းတို့ထုတ်ပြန်ထားသည့် ဥပဒေများအရ ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် တာဝန်ရှိသော်လည်း ပျက်ကွက်ခဲ့သည်မှာ (၉)နှစ်ရှိပြီ ဖြစ်သည်။ ထိုကဲ့သို့ ပြည်သူလူထု၏ ဆန္ဒကို မလေးစားဘဲ မျက်ကွယ်ပြုလျက် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် ပျက်ကွက်သည့်အတွက် ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၂)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ကျင်းပခဲ့သော (၈)နှစ်မြောက် ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် လွှတ်တော်ခေါ်ယူပေးရေးအတွက် ရက်သတ်မှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား တာဝန်ပေးခဲ့သည်။ ထိုသို့ တာဝန်ပေးချက်အရ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့မတိုင်မီ လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရန် အကြောင်းကြားခဲ့သည်။ ဤအကြောင်းကြားချက်ကို လျစ်လျူရှုသည်ကြောင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မဲဆန္ဒရှင် ပြည်သူတို့အပေါ်တွင် တာဝန်ရှိသည့်အလျောက် ပြည်သူ့လွှတ်တော် ခေါ်ယူမည်ဟု ကြေညာခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ် ဗဟိုလုပ်ငန်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်–တိုင်း၊ မြို့နယ်၊ ရပ်ကွက်များမှ စည်းရုံးရေးအဖွဲ့ဝင်များနှင့် ရိုးရိုးအဖွဲ့ဝင်များအား –

(က) ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ အရေးယူကာ သိက္ခာချခြင်း၊ မလိုက်နာသူများအား ပြစ်ဒဏ် ချမှတ်ခြင်း၊

(ခ) အရေးပေါ်စီမံချက် အက်ဥပဒေ အထူးသဖြင့် ပုဒ်မ–၅(ည)ဖြင့်လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ–၅၀၅(ခ)ဖြင့်လည်းကောင်း မတရားဖမ်းဆီးအရေးယူကာ ပြစ်ဒဏ်များ ချမှတ်ခြင်း၊

(ဂ) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ–၁၀(က) စသည်ဖြင့် အရေးယူခြင်း၊

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ ၂/၈၈၊ တရားစီရင်ရေးဆိုင်ရာဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခြင်း မပြုခြင်း၊

(င) တည်ဆဲဥပဒေအရဆိုကာ ဥပဒေအမျိုးမျိုးတို့ဖြင့် လုပ်ကြံဖန်တီး၍ အမှုများကို အကျဉ်းနည်းဖြင့် စစ်ဆေး ပြစ်ဒဏ်ချမှတ်ခြင်း၊

(စ) အဘက်ဘက်တွင် နည်းမျိုးစုံ ဖိအားပေးလျက် အဖွဲ့ချုပ် အဖွဲ့ဝင်များအား နှုတ်ထွက်စေခြင်း၊

(ဆ) ဥပဒေမဲ့ အနိုင်ကျင့်ခြိမ်းခြောက်၍ သက်ဆိုင်ရာ မဲဆန္ဒရှင်ဆိုသူများအား အာဏာပိုင်တို့က အတင်းအဓမ္မစုဝေးစေကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အယုံအကြည်မရှိ၊ မထောက်ခံဟု ဟစ်အော်ကြွေးကြော် မတရားသိက္ခာချခြင်း၊

(ဇ) ထုတ်ပြန်ခဲ့သည့်ဥပဒေများတွင် မပါရှိသည့်အချက်အလက်များကို နောက်ကြောင်းပြန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက် စသည်တို့ကို ထုတ်ပြန်ခြင်း၊

– များကို ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချလိုက်သည်။

### ဆုံးဖြတ်ချက် အမှတ်(၃)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၄)

ဥရောပသမဂ္ဂလွှတ်တော်နှင့်တကွ အခြားသောနိုင်ငံများ၏ လွှတ်တော်များအား ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံခြင်းအတွက်လည်းကောင်း၊ အသိအမှတ်ပြုခြင်း အတွက်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၅)

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ လွှတ်တော်ရေးရာကော်မတီအား လွှတ်တော်ခေါ်ယူရေး အစီအစဉ်များ ရေးဆွဲရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၆)

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ တိုင်းရင်းသားရေးရာကော်မတီအား ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်ထူထောင်ရန် လိုအပ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါသင့်သည့် အချက်အလက်များနှင့် ပတ်သက်၍ တိုင်းရင်းသားများ၏ သဘောထားများကို ရယူပြီးလျှင် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီအား တင်ပြ အစီရင်ခံရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၇)

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးကော်မတီအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာလွှတ်တော်များ၊ ဥရောပသမဂ္ဂလွှတ်တော်များနှင့်တကွ အခြားကမ္ဘာ့အနှံ့အပြားရှိ ဒီမိုကရေစီနိုင်ငံများ၏ လွှတ်တော်များနှင့် ဒီမိုကရေစီရေးကိစ္စနှင့်ပတ်သက်၍ တိုးချဲ့တိုးတက်ဆောင်ရွက်ခြင်း လုပ်ဆောင်ရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၈)

ကျောင်းနေသည့်နှုန်း ကျဆင်းနေခြင်းနှင့် မူလတန်းပညာ မပြီးဆုံးမီ ကျောင်းထွက်နှုန်း တိုးပွားနေခြင်း ပြဿနာများကို ကိုင်တွယ်ရန် မူဝါဒရေးဆွဲရေးကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပညာရေးရာကော်မတီအား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက်အမှတ်(၉)

ဒီမိုကရေစီနိုင်ငံ၊ ခေတ်မီတပ်မတော် ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၏ ကာကွယ်ရေးရာကော်မတီအား ရေးဆွဲတင်ပြရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၁၀)

နိုင်ငံတော်ဘဏ္ဍာရေးရာကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံတော်ရသုံး ခန့်မှန်းခြေစာရင်း ရေးဆွဲခြင်း၊ ငွေစက္ကူရိုက်နှိပ်ခြင်းအစရှိသည့် ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ကော်မတီ၏ ဘဏ္ဍာ/စီးပွား/ကုန်သွယ်ရေးရာကော်မတီအား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၁၁)

ဈေးကွက်စီးပွားရေး စနစ်တွင် မျှတမှန်ကန်သော ကုန်သန်းရောင်းဝယ်ရေးကျင့်စဉ် ဖြစ်ပေါ်လာစေမည့်မူ ချမှတ်ခြင်း၊ ငွေကြေးဖောင်းပွခြင်းကို ထိန်းသိမ်းမည့်နည်းလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် မူသဘောထားများ ရေးဆွဲတင်ပြရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ဘဏ္ဍာ/စီးပွား/ကုန်သွယ်ရေးရာကော်မတီအား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၁၂)

တောင်သူလယ်သမားရေးရာကိစ္စနှင့်ပတ်သက်၍ တောင်သူလယ်သမားများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမတည်ငွေဆိုင်ရာဥပဒေ ရေးဆွဲတင်ပြရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ၏ တောင်သူလယ်သမားရေးရာကော်မတီအား ရေးဆွဲတင်ပြရန် တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ်(၁၃)

အလုပ်သမားရေးရာကိစ္စနှင့်ပတ်သက်၍ အလုပ်သမားများ၏ အခွင့်အရေး၊ အနည်းဆုံး လုပ်ခကြေးငွေ သတ်မှတ်ပေးရေး၊ တရားမျှတသော အနည်းဆုံးလုပ်အားခ သတ်မှတ်ပေးရေး၊ လုပ်ငန်းခွင်လုံခြုံရေး စသည့် ကိစ္စရပ်များကို အစီရင်ခံစာ ရေးဆွဲတင်သွင်းရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အလုပ်သမားရေးရာကော်မတီအား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ် (၁၄)

လူမှုရေးကိစ္စနှင့် စပ်လျဉ်း၍ အစိုးရ၏ဆေးရုံများ၊ ဆေးကုခန်းများ၊ ဆေးပေးခန်းများတွင် အနိမ့်ဆုံးစံ သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အစီရင်ခံ တင်ပြရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကျန်းမာရေးနှင့် လူမှုရေးရာကော်မတီအား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက်အမှတ် (၁၅)

အကျဉ်းကျခံနေရသော နိုင်ငံရေး အကျဉ်းသမားများအားလုံး ချွင်းချက် မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် အလေးအနက်တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

### ဆုံးဖြတ်ချက် အမှတ် (၁၆)

၁၉၉၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ မတရားဖမ်းဆီးချုပ်နှောင် ထိန်းသိမ်းထားသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ် ဗဟိုလုပ်ငန်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေးစည်းရုံးရေးအဖွဲ့ဝင်များနှင့် ရိုးရိုးအဖွဲ့ဝင်များကို ချုပ်နှောင်၊ ကန့်သတ်၊ ချုပ်ချယ်မှု လုံးဝ မရှိ၊ ခြွင်းချက်လုံးဝမရှိဘဲ အမြန်ဆုံးပြန်လွှတ်ရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

### အတည်ပြုချက်များ

(၁) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ(၉)နှစ်မြောက် ကြေညာချက်ကို အတည်ပြုသည်။

(၂) တွေ့ဆုံဆွေးနွေးရေးနှင့် ပြည်သူ့လွှတ်တော် ခေါ်ယူရေး ကြေညာချက်များကို အတည်ပြုသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ**
**ရန်ကုန်မြို့**
**၁၃၆၁ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်**
**၁၉၉၉ခုနှစ်၊ မေလ (၂၇) ရက်။**

❖

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့အစိုးရ ရှိဖို့ လိုအပ်နေ နအဖ စစ်အုပ်စု အမြန်ဆုံး ဖျက်သိမ်းရန် အချိန်ကျပြီ အကျဉ်းကျခံနိုင်ငံရေးအင်အားစုမှ တောင်းဆိုချက်

ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာနိုင်ဖို့အတွက် ယခုအချိန်တွင် အမှန်တကယ် လုပ်ဆောင်ရမည်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (စစ်အစိုးရ)အား ဖျက်သိမ်း၍ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့အစိုးရတရပ် တည်ရှိနေဖို့ပင် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတခုတည်းကိုသာ ရေးဆွဲသော တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ မဟုတ်ချေ။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကြောင့် ပေါ်ထွန်းလာမည့်လွှတ်တော်သည် ပြည်သူ့လွှတ်တော်သာလျှင် ဖြစ်ရမည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေပြုရေး အာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ သုံးရပ်စလုံးရှိသည်။ ထို လွှတ်တော်၏ လုပ်ပိုင်ခွင့် အာဏာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူက အပ်နှင်းထားပြီး ဖြစ်သောကြောင့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစိုးရကမှ ဥပဒေ၊ အမိန့်၊ ကြေညာချက်များဖြင့် ပယ်ဖျက်၍ မရချေ။

ယခုအချိန်အခါတွင် ပြည်သူ့လွှတ်တော် ခေါ်ယူမည့် နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီလည်း ရှိနေပြီဖြစ်သည်။ ပြည်သူ့လွှတ်တော်သို့ တက်ရောက်မည့် နိုင်ငံတဝှမ်းလုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း အဆင်သင့်ရှိနေကြပြီဖြစ်သည်။ ပြည်သူတွေကလည်း ၎င်းတို့ ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်၊ ပြည်သူ့အစိုးရနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာသည်ကို မြင်နေချင်ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူ့လွှတ်တော်၌ ပြည်သူ့အကျိုးစီးပွားများအား ဆောင်ရွက်ရင်း တိုင်းသူပြည်သားတွေ အမှန်တကယ် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရမည့်အချိန်အခါသို့ ရောက်နေပြီဖြစ်သည်။

စစ်အစိုးရဟူသည် စစ်တပ်နှင့် အစိုးရကို ပေါင်းစပ်ပြီး ခေါ်တွင်ခြင်းဖြစ်သည်။ အစိုးရသည် နိုင်ငံကို စီမံခန့်ခွဲ အုပ်ချုပ်ရသည်။ စစ်တပ်သည် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရသည်။ ထိုအဖွဲ့အစည်းနှစ်ရပ်သည် သီးခြား အရည်အသွေး ရှိကြသည်။ ယင်းအရည်အသွေးနှစ်ရပ်အား ရောနှော၍ (စစ်အစိုးရ)အမည်တွင်သည့် အာဏာရှင်အဖွဲ့ကိုဖွဲ့လျှင် အရည်အချင်းမရှိသည့်အစိုးရလည်းဖြစ်၊ ဂုဏ်သိက္ခာမဲ့သည့် တပ်မတော်လည်းဖြစ်ရမည်မှာ အမှန်ပင်ဖြစ်သည်။ ယခုပင် လက်တွေ့ကြုံနေရပြီဖြစ်သည်။

သို့ပါသောကြောင့် ဗိုလ်ချုပ်မှူးကြီးတို့သည် မိမိတို့ဘာသာ ဖွဲ့စည်းထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (စစ်အစိုးရ)ကို ဖျက်သိမ်းပြီး မိမိတို့ ပေးခဲ့သည့် ကတိကဝတ်အတိုင်း စစ်တန်းလျားသို့ ပြန်ကြပါရန် လေးလေးနက်နက် တောင်းဆိုလိုက်သည်။

❖

**မတရားတဲ့ အမိန့်အာဏာ မှန်သမျှ တာဝန်အရ ဖီဆန်ကြ**

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်

## ○ လွှတ်တော်ပေါ်ပေါက်ရေးမှ

ကျသော၊ အများပြည်သူသဘောမတူသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံကြောင်း၊ ၉၀ ခု ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲနှင့် နောက်ထပ်ရွေးကောက်ပွဲအသစ် လုပ်လျှင် လက်မခံကြောင်း ရှင်းရှင်းလင်းလင်း ကြေညာခဲ့ပြီးဖြစ်သည်။

ယခုလောလောဆယ်မှာပင် လွှတ်တော်ကိုယ်စားပြုကော်မတီထံသို့ ရေးရာကော်မတီများမှ အကြံပြုစာတမ်းများ တင်သွင်းနေကြပြီ ဖြစ်ပေသည်။ လွှတ်တော်ကိုယ်စားပြုကော်မတီသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတွက် ပြင်ဆင်ခြင်း၊ လွှတ်တော်ခေါ်ယူရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်းစသဖြင့် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အဆောတလျင် လုပ်ဆောင်နေပေသည်။ မကြာခင် တိုင်းရင်းသားပြည်သူအားလုံးက သဘောတူလက်ခံနိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်သူလူထုထံသို့ တင်ပြလာဖွယ် ရှိပါသည်။ လူထုထောက်ခံမှု၊ နိုင်ငံတကာထောက်ခံမှု ရရှိထားသော လွှတ်တော်ကိုယ်စားပြုကော်မတီတွင် ထိုသို့ တရားဝင် လုပ်ကိုင်ဆောင်ရွက်နိုင်သော အခွင့်အာဏာမျိုး ရှိနေသည်ကို နအဖ ကိုယ်တိုင်က ယုံကြည်နားလည်ထားပြီး ဖြစ်သည်။

ထိုကြောင့်လည်း ၎င်းတို့၏ စစ်အာဏာကို မကြာခင် အဆုံးသတ်စေတော့မည့် လွှတ်တော်ကိုယ်စားပြုကော်မတီအား စူးစူးဝါးဝါးဖြင့် ဟန့်တားနှောင့်ယှက်နေကြခြင်းဖြစ်၏။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးကြဖို့ ၁၉၈၉ ခုနှစ်ကတည်းက အစဉ်တစိုက် တောင်းဆိုခဲ့သည်။ သို့သော် တွေ့ဆုံဆွေးနွေးခြင်းသည် ၎င်းတို့ စစ်အာဏာရှင်ဘဝ နိဂုံးချုပ်မည့်အစဟု ပူပန်တွေးတောကာ တွေ့ဆုံဆွေးနွေးမှုကို အမြဲငြင်းဆန်ခဲ့သော နအဖ က လွှတ်တော်ကိုယ်စားပြုကော်မတီ ဖျက်ပေးလျှင် တွေ့ဆုံဆွေးနွေးမည်ဟု သိက္ခာမဲ့စွာ မှုဆွယ်ပြန်သေး၏။ ထိုသို့ တောင်းဆိုခြင်းသည် တွေ့ဆုံဆွေးနွေးရေး အတွက် ကြိုတင်သတ်မှတ်ချက်မျိုး ဖြစ်နေသည်။ မိမိတို့က လွှတ်တော်ကိုယ်စားပြုကော်မတီကို မဖျက်နိုင်။ လွှတ်တော်ကိုယ်စားပြုကော်မတီသည် တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာဖို့အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ဒုဥက္ကဋ္ဌ ဦးတင်ဦးက ပြောဆိုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း "လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖျက်သိမ်းလိုက်ရင် နောက်ထပ် အနှစ်(၂၀) ဒီမိုကရေစီနဲ့ ဝေးသွားမယ်"ဟု ပြောခဲ့သည်။ ယင်းကော်မတီ ဖျက်သိမ်းပေးမှ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးမည်။ တွေ့ဆုံဆွေးနွေးမည်ဟု ဆိုခြင်းသည် ရာဇဝတ်သင့်သော ပြန်ပေးဆွဲမှုကြီးပင် ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကို ထိုင်စောင့်နေမည် မဟုတ်။ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ကိုင်ဆောင်ရွက်လျက် တွေ့ဆုံဆွေးနွေးရေးလမ်းကို ဖွင့်ထားခြင်းသာဖြစ်သည်။

**လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အနှစ်သာရသည် လွှတ်တော်တာဝန်များကို လွှတ်တော်ပေါ်ပေါက်သည်အထိ လွှတ်တော်ကိုယ်စား ဆောင်ရွက်သွားရေးဖြစ်သည်။ တွေ့ဆုံဆွေးနွေးရေးသည် လွှတ်တော် ပေါ်ပေါက်ရေးသို့ သွားရာ လမ်းသာ ဖြစ်သည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေးသည် ပထမ ဖြစ်နေသော်လည်း အဓိက မဟုတ်။ လွှတ်တော်ပေါ်ပေါက်ရေးသာအဓိက ဖြစ်သည်။** နအဖ က တွေ့ဆုံဆွေးနွေးရုံမျှဖြင့် အဓိကရည်မှန်းချက်ဖြစ်သော လွှတ်တော်ပေါ်ပေါက်ရေးကို ထိခိုက်စေရန်အတွက် လွှတ်တော်ကိုယ်စားပြုကော်မတီအား ဖျက်သိမ်းပေးဖို့ တောင်းဆိုခြင်းသည် ရှက်ဖွယ်လိလိပင်ဖြစ်၏။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကို အမြဲ တံခါးဖွင့်ထားတာ တွေ့ရသည်။ မည်သည့်နိုင်ငံတွင်မဆို နောက်ဆုံး၌ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ရင်ဆိုင်နေရသော ပြဿနာများ လျော့ပါးပြေလည်သွားကြရသည်ကို အားလုံးတွေ့မြင်ပြီး ဖြစ်၏။

တွေ့ဆုံဆွေးနွေးရေးသည် စကားရည်လုပွဲ မဟုတ်။ အရှုံးအနိုင် မရှိ။ တိုင်းပြည်ကောင်းဖို့၊ အားလုံး အမြတ်ထွက်ဖို့ပဲဖြစ်၏။ တွေ့ဆုံရာတွင် ထောင်အာဏာပိုင်နှင့် အကျဉ်းသားတို့၏ ဆက်ဆံမှုမျိုး မဖြစ်စေရဘဲ နှစ်ဦးနှစ်ဖက်စလုံးက အပြန်အလှန် လေးစားမှု၊ ရိုးသားပွင့်လင်းမှုများ ရှိဖို့ လိုအပ်ပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် တိုင်းပြည်ကို တကယ်ချစ်တဲ့ စိတ်ရင်းစေတနာကောင်းများ၊ မြင့်မြတ်တဲ့ နှလုံးသားများကို တွေ့ဆုံရေးစားပွဲဝိုင်းပေါ်သို့ ရိုးသားစွာ သယ်ဆောင်လာကြဖို့ပင် ဖြစ်ပါတော့သည်။

**မှိုင်းဆက်အောင်**

## ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) အနှစ်(၅၀)ပြည့်ရွှေရတုသဘင်အခန်းအနားကျင်းပခြင်း

ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ဦးဆောင်မှုဖြင့် (KNLA) အမှတ်(၆)တပ်မဟာမှ ကြီးမှူးပြီး ဒူးပလာယာခရိုင်၊ ထီးဖောက်လှုပ်ရှားဒေသကြီး(၄)၏ လွတ်မြောက်နေရာတခုတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၏ နှစ်(၅၀) ပြည့် ရွှေရတုသဘင်အခမ်းအနားအား (၅-၇-၉၉)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။



**ဗိုလ်ချုပ်ကြီးတာမလာဘော**
**စစ်ဦးစီးချုပ်**
**ကရင်အမျိုးသားလွတ်မြောက်ရေး**
**တပ်မတော် (KNLA)**

အဆိုပါ အခမ်းအနားတွင် အမှတ်(၆)တပ်မဟာ တွဲဘက်ရုံးထိုင်မှူး ဗိုလ်ကြီး လစ္စတန်မှ အခန်းအနားမှူးအဖြစ် တာဝန်ယူ၍ နံနက်(၁၀)နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုကရင်အမျိုးသားအလံတော်အား အလေးပြုခြင်း၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တာမလာဘော၏ မိန့်ခွန်းကို (ကရင်၊ မြန်မာ)နှစ်ဘာသာဖြင့် ဖတ်ကြားခြင်း၊ ဒူးပလာယာခရိုင် ဥက္ကဋ္ဌကြီး ဖူးတာအယ်မှ တပ်မတော်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခြင်း၊ ကရင်အမျိုးသားကာကွယ်ရေး တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကျော်သောင်းမှ တပ်မတော်နှင့်ပတ်သက်သည့် မိန့်ခွန်းပြောကြားခြင်းတို့ဖြင့် မွန်းလွဲ (၁)နာရီ (၃၅)မိနစ်တွင် အခမ်းအနားအား ကရင်အမျိုးသားသီချင်းဖြင့် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပြီး၊ ကရင်အမျိုးသမီးအစည်းအရုံးမှ ညှော်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အခမ်းအနားသို့ ခရိုင်၊ တပ်မဟာ ရဲဘော်ရဲမေများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်းလည်း သိရှိရပါသည်။ ❖

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ဒီမိုကရေစီတိုက်ပွဲဝင် တော်လှန်ရေးအင်အားစုများနှင့် နအဖ စစ်တပ်တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲသတင်းများ

ကရင်ပြည်နယ်အတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA အပါအဝင် တော်လှန်ရေးအင်အားစုများနှင့် အာဏာရှင်စစ်အုပ်စု လက်ကိုင် နအဖ စစ်တပ်တို့ ဇွန်လအတွင်း ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုအား တပ်မဟာခရိုင်များအလိုက် သတင်းရရှိပါသည်။

KNLA တပ်မဟာ(၁)ဒေသ သထုံခရိုင်အတွင်း တိုက်ပွဲပေါင်း (၁၆) ကြိမ်ဖြစ်ပွားခဲ့ရာတွင် နအဖ စစ်တပ်မှ (၆)ဦးသေ၊ (၉)ဦးဒဏ်ရာရပြီး (၉)ဦး လက်နက်ချခဲ့ကြောင်း၊ ထို့အပြင် နအဖ စစ်တပ်ထံမှ G-3(၁)လက်၊ AK(၄) လက်၊ ပစ္စတို(၂)လက်၊ ကာဘိုင် (၃) လက် သိမ်းဆည်းရမိကာ၊ မိမိတို့ဘက်မှ (၃)ဦးကျဆုံးပြီး AK(၁)လက်၊ AR (၁)လက် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

တပ်မဟာ(၂)ဒေသ တောင်ငူခရိုင်တွင် တိုက်ပွဲပေါင်း(၁၉)ကြိမ် ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ (၄)ဦးသေ (၄၄)ဦး ဒဏ်ရာရ၊ (၁)ဦး မိမိတို့ထံ လက်နက်ချခဲ့ပြီး၊ ကာဘိုင်(၁)လက် သိမ်းဆည်းရမိကြောင်း၊ မိမိတို့ဘက်မှ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

တပ်မဟာ(၃)ဒေသ ညောင်လေးပင်ခရိုင်အတွင်း တိုက်ပွဲပေါင်း(၅၈)ကြိမ်ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ(၂၀)ဦးသေ၊ (၅၃)ဦးဒဏ်ရာရ၊ (၂)ဦးဖမ်းမိ၊ (၁)ဦး လက်နက်ချခဲ့ပြီး၊ G-3(၅)လက်၊ ကာဘိုင်(၁)လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ မိမိတို့ဘက်မှ (၆)ဦးကျဆုံး၊ (၁)ဦး ဒဏ်ရာရပြီး၊ AK (၁)လက်၊ AR(၁) လက် ဆုံးရှုံးသွားကြောင်း သိရသည်။

တဖန် တပ်မဟာ(၄)ဒေသ မြိတ်-ထားဝယ်ခရိုင်တွင် တိုက်ပွဲပေါင်း (၄၇)ကြိမ်ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ (၅၇)ဦးသေ၊ (၉၉)ဦး ဒဏ်ရာရပြီး၊ G-3(၁)လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ မိမိတို့ဘက်မှ (၈)ဦးကျဆုံး၊ (၁)ဦး ဒဏ်ရာရပြီး၊ AK(၁)လက်၊ ၇၉ မမ လောင်ချာ(၁)လက်၊ ကာဘိုင်(၁)လက် ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။

တပ်မဟာ(၅)ဒေသ ဖာပွန်ခရိုင်အတွင်း တိုက်ပွဲပေါင်း (၁၁၈)ကြိမ် ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ (၅၇)ဦးသေ၊ (၂၀၂)ဦး ဒဏ်ရာရ၊ (၄)ဦး ဖမ်းမိ၊ (၇)ဦး လက်နက်ချခဲ့ပြီး၊ ကာဘိုင် (၁)လက် သိမ်းဆည်းရမိခဲ့ကြောင်း၊ မိမိတို့ဘက်မှ (၇)ဦးကျဆုံးပြီး၊ AK (၁)လက်၊ AR(၄)လက်၊ ၇၉ မမ လောင်ချာ(၁)လက် ဆုံးရှုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

တပ်မဟာ(၆)ဒေသ ကော့ကရိတ်ခရိုင်အတွင်း တိုက်ပွဲပေါင်း(၁၂၅)ကြိမ် ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ (၁၁၅)ဦး သေ၊ (၁၅၃)ဦး ဒဏ်ရာရ၊ (၁)ဦး ဖမ်းမိ၊ (၃)ဦး လက်နက်ချခဲ့ပြီး၊ G-3 (၁၇)လက်၊ ပစ္စတို(၃)လက်၊ AR (၁) လက်၊ RPG-7 (၁)လက်၊ ၇၉ မမ လောင်ချာ(၅)လက်၊ ၆၀ မမ စိန်ပြောင်း (၁)လက်၊ ၆၂ မမ စိန်ပြောင်း(၁)လက် သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှ (၁)ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

တပ်မဟာ(၇)ဒေသ ဘားအံခရိုင်အတွင်း တိုက်ပွဲပေါင်း (၆၃)ကြိမ် ဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ (၆၈)ဦးသေ၊ (၂၃၀)ဦးဒဏ်ရာရ၊ (၃)ဦး ဖမ်းမိ၊ (၉)ဦး လက်နက်ချခဲ့ပြီး၊ AR (၅) လက်၊ ပစ္စတို(၁)လက်၊ ကာဘိုင်(၁) လက်၊ AK (၁)လက်၊ RPG-7 (၂) လက်၊ ၇၉ မမ လောင်ချာ(၂)လက်၊ MA-1 (၁)လက် သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှ (၆)ဦးကျဆုံး၊ (၉)ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

KNLA တပ်ရင်း (၁၀၃)နယ်မြေတွင် တိုက်ပွဲပေါင်း(၇)ကြိမ်ဖြစ်ပွားခဲ့ပြီး နအဖ စစ်တပ်မှ (၁၅)ဦးသေ၊ (၃၉)ဦး ဒဏ်ရာရသွားကြောင်း သတင်းရရှိပါသည်။ ❖

## ရန်ကုန်မြို့ တာမွေ အထက(၁)မှ ကျောင်းသားကျောင်းသူများ နအဖ ခင်ညွန့်ဇာဂနီး ဒေါက်တာ ခင်ဝင်းရွှေအား ဆန္ဒပြ

ပြီးခဲ့သည့် ဩဂုတ်လ(၁၉)ရက်နေ့က ရန်ကုန်မြို့၊ တာမွေမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (၁)မှ ကျောင်းသားအချို့က နအဖ ဗိုလ်ခင်ညွန့်၏ဇာနီး ဒေါက်တာခင်ဝင်းရွှေ ရောက်ရှိလာစဉ် ဆန္ဒပြခဲ့ကြကြောင်း သတင်း ရရှိပါသည်။ ကျောင်းသူ၊ ကျောင်းသားများက ကမ္ဘာမကြေသီချင်း သီဆိုပြီး '၉၉၉၉'လူထုအုံကြွမှု လှုံ့ဆော်ရေးများ ပြုလုပ်ကာ ကျူရှင်ခ၊ ကျောင်းသွား ကျောင်းလာစရိတ်နှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများ မလုံလောက်မှုတို့ကို အကြောင်းပြုပြီး ယခုကဲ့သို့ ဆန္ဒပြကြခြင်းဟုသိရသည်။ ❖

## မော်လမြိုင်မြို့တွင် ဆန်လုပွဲဖြစ်

ဩဂုတ်လ(၁၂)ရက်နေ့ မနက် (၉း၃၀)နာရီအချိန် မော်လမြိုင်မြို့၊ ကျိုက်မနဲ့နယ်မြေ၊ ဒိုင်းဝန်ကွင်းရပ် ဒိုင်းဝန်ကွင်းဈေးရှေ့ရှိ ပိုင်ရှင်ဦးစိုးသန့်၏ ဆန်ဆိုင်ကို လူ(၄၀)ကျော် ဝင်ရောက်ဆန်လုကြသည်။ ဆိုင်ပိုင်ရှင် ဦးစိုးသန့်သည် သက်ဆိုင်ရာ ရဲစခန်း၊ ရအဖ ရုံး၊ ကြံ့ဖွတ်အဖွဲ့ရုံးများသို့ တယ်လီဖုန်းဆက် တိုင်ကြားရာ ရပ်ကွက်လူကြီးများ၊ ကြံ့ဖွတ်အဖွဲ့ဝင်များ၊ ရဲတပ်ကြပ်ကြီးဦးဆောင်သော ရဲသား (၅)ဦး အခြေအနေကို ထိန်းချုပ်ရန် ရောက်လာခဲ့ကြသည်။ ၎င်းတို့ ရောက်လာကြသောအချိန်တွင် ဆန်လုသူများ လူစုခွဲထွက်ပြေးကြသည်။ ဆန်လုခံရသူ ဆိုင်ပိုင်ရှင် ဦးစိုးသန့်သည် ပြဿနာနှင့်ပတ်သက်၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သတင်းရရှိပါသည်။

မော်လမြိုင်မြို့လူထု၏ ထင်မြင်ချက်မှာ ယခုတလော ဆန်ဈေးနှုန်း ရက်တရက် တက်သွားခြင်း၊ ကျောမွဲဆင်းရဲသားများမှာ အနိမ့်ဆုံးဈေး ဆန်တပြည် (၁၈၀)ကျပ်နှင့် ဆန်ဝယ်မစားနိုင်တော့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ကောက်ချက်ချ ပြောဆိုနေကြပါသည်။ ❖




ဩဂုတ်လအတွင်း ရန်ကုန်မြို့အချို့နေရာများတွင် လှုံ့ဆော်ထားသော ၉၉၉၉ ပိုစတာများ

**စစ်အာဏာရှင်စနစ်ဆိုးအောက်တွင် ကျောကော့အောင် ခံစားနေရသော ပြည်သူလူထုနှင့် နွမ်းပါးနေသော စစ်တပ်တွင်းရှိ ရဲဘော်တို့သည် ဘဝတူများဖြစ်သည်**

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသည်**

## တိုင်းရင်းသားလူမျိုးအဖွဲ့အစည်းခေါင်းဆောင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်



**ဝဲမှယာ –**

- ဗိုလ်ညို – ဒု ဥက္ကဋ္ဌ၊ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်၊
- ဒေါ်မေသန်းလွင် – ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်)၊
- ဦးအုန်းတင် – ဗဟိုကော်မတီဝင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
- ဒေါ်အောင်ဆန်းစုကြည်– အထွေထွေအတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
- ဦးပူကျင့်ရှင်းထန် – ဥက္ကဋ္ဌ၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တီးတိန် – ၂၊ ချင်းပြည်နယ်)
- ဦးခွန်ထီး – ပင်လုံစာချုပ် လက်မှတ်ရေးထိုးသောပုဂ္ဂိုလ်၊ (တောင်ကြီး၊ ရှမ်းပြည်နယ်)
- ဦးအေးသာအောင် – တွဲဘက် အထွေထွေအတွင်းရေးမှူး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
- ဦးရွှေအုံး – ဥက္ကဋ္ဌ၊ ရှမ်းပြည် တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၊
- ဦးကမ်းလျှန် – ဇိုမီးအမျိုးသားကွန်ဂရက်၊
- ဦးငင်ဇင်ပေါင် – ဇိုမီးအမျိုးသားကွန်ဂရက်၊
- ဒူဝါဇော်အောင် – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကချင်ပြည်နယ်၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝိုင်းမော်၊ ကချင်ပြည်နယ်)
- နိုင်ငွေသိန်း – ဒု ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊
- ဒေါက်တာဦးစောမြအောင် – ဥက္ကဋ္ဌ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြောက်ဦး – ၂၊ ရခိုင်ပြည်နယ်)
- ဦးသာဘန်း – ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
- စောပီတာရင် – ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက်၊



**ဝဲမှယာ –**

- နိုင်သောင်းရှိန် – မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကော့ကရိတ် – ၂)
- ဒေါက်တာမင်းစိုးလင်း– အထွေထွေအတွင်းရေးမှူး၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေး – ၁)
- ဦးကမ်းလျှန် – ဇိုမီးအမျိုးသားကွန်ဂရက်၊
- ဦးခွန်ထွန်းဦး – ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သီပေါ – ၁)
- ဦးငင်ဇင်ပေါင် – ဇိုမီးအမျိုးသားကွန်ဂရက်၊
- ဗိုလ်ညို – ဒု ဥက္ကဋ္ဌ၊ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်၊
- ဦးအုန်းတင် – ဗဟိုကော်မတီဝင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
- ဒေါ်အောင်ဆန်းစုကြည်– အထွေထွေအတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
- ဦးပူကျင့်ရှင်းထန် – ဥက္ကဋ္ဌ၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တီးတိန် – ၂)၊
- ဦးခွန်ထီး – ပင်လုံစာချုပ် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်၊ (တောင်ကြီး၊ ရှမ်းပြည်နယ်)၊
- ဦးအေးသာအောင် – တွဲဘက် အထွေထွေအတွင်းရေးမှူး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊

## ဒီမိုကရေစီမြတ်နိုးသူများ၏ ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယကြောင့် ပြည်သူ့လွှတ်တော်ခေါ်ယူရေး မုချအောင်မြင်မည်



စစ်မှန်သောဒီမိုကရေစီနိုင်ငံများ၏ ကျောရိုးသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမှတဆင့် တင်မြှောက်ခြင်းခံထားရသော ပြည်သူ့လွှတ်တော် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ဒီမိုကရေစီအရေးကို မည်ကဲ့သို့ ခွဲခြား၍မရပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကြီးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရန် ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများနှင့် ပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲတွင် မဲပေးခဲ့သောနိုင်ငံသူနိုင်ငံသားများအားလုံးသည် ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးကို လက်ခံ၍ သဘောတူညီစွာနှင့် ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်အားလုံးအပေါ်တွင် ရွေးကောက်ပွဲ၏ ရလဒ်ကို အကောင်အထည်ဖော်ရန် တတ်အားသမျှ ကြိုးပမ်းရမည့်တာဝန် ရှိနေပါသည်။ ပြည်သူများ၏ ထောက်ခံမဲကို ရယူပြီး ရွေးချယ်ခြင်းခံခဲ့ကြရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအပေါ်တွင် အထူးတာဝန်ရှိပါသည်။

ပြည်သူ့လွှတ်တော်အောင်မြင်စွာခေါ်ယူပြီး၊ လွှတ်တော်စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အခြေအနေ မရောက်နိုင်သေးသည့် အချိန်ကာလအတွင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်မှ မိမိ၏ဆန္ဒအရသော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ဆန္ဒအရ၊ ခိုင်းစေချက်အရသော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ မနုတ်ထွက်နိုင်ပါ။ မည်သူ၊ မည်သည့်အဖွဲ့အစည်းကမှလည်း လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်မခေါ်မီကာလအတွင်း ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်၍မရနိုင်ပါ။ ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်နေကြရမည်သာဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူအပေါ်သစ္စာစောင့်ထိန်းကြောင်းကို ပြသရပါမည်။

လွှတ်တော်ခေါ်ယူရေးကို ပိတ်ပင်ဟန့်တားလိုသောရည်ရွယ်ချက်ဖြင့် အာဏာပိုင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမြောက်အများကို ထိမ်းသိမ်းခြင်း၊ အတင်းအကြပ်ဖိအားပေး၍ မတရားနုတ်ထွက်စေခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ဤကဲ့သို့ အခက်အခဲများအတွင်းမှပင် ရွေးကောက်ပွဲတွင် အောင်မြင်ခဲ့သော မဲဆန္ဒနယ်မြေအရေအတွက်အရ ပထမ၊ ဒုတိယနှင့် တတိယနေရာများကို ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့်အတူ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့နှင့် ဇိုမီးအမျိုးသားကွန်ဂရက်တို့က ပူးပေါင်း၍ စစ်မှန်သောဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးကို မျှော်ကိုးပြီး ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ရှေ့ရှုကာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်များကို လေ့လာလျှင် စစ်မှန်သော ဒီမိုကရေစီလွှတ်တော်တရပ်အနေဖြင့် ဥပဒေပြုရေးတာဝန်များကို နိုင်ငံ၏အကျိုးနှင့်လည်းကောင်း၊ အခြေခံလူ့အခွင့်အရေးများနှင့်လည်းကောင်း ကိုက်ညီစွာ မည်ကဲ့သို့ဆောင်ရွက်မည်ကို သိမြင်နိုင်ပါမည်။ ထို့အပြင် ပြည်သူအပေါ် သစ္စာထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် မည်ကဲ့သို့သော အကြပ်အတည်းများအကြားမှ ရပ်တည်နေကြသည်ကိုလည်း သိရှိနိုင်ပါမည်။ စစ်မှန်သောဒီမိုကရေစီပြည်ထောင်စု မြန်မာနိုင်ငံတော်ပေါ်ထွန်းရန်အတွက် ပြည်သူ့လွှတ်တော်ခေါ်ယူရေးသည် အဓိကကျကြောင်းနှင့် ဒီမိုကရေစီကို ချစ်မြတ်နိုးသောပုဂ္ဂိုလ်များ၏ ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယတို့ကြောင့် ပြည်သူ့လွှတ်တော်ခေါ်ယူရေး မုချအောင်မြင်မည်ဖြစ်ကြောင်းတို့ကိုလည်း နားလည်သဘောပေါက်မည်ဟု မျှော်လင့်ပါသည်။

**ဒေါ်အောင်ဆန်းစုကြည်**

**ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးသည် အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည်**

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သမိုင်းဝင်ပုံရိပ်များ အမှတ် (၅)

# ဂုဏ်ရောင်ပြောင်တဲ့ '၉၉၉၉' လှုပ်ရှားမှုကို ကြိုဆိုကြ '၈၈၈၈' အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး အောင်ပွဲကို အရယူကြ

**၉၉၉၉ ဟာ ကြောက်စရာမလို ၉၉၉၉ ကို ဖျက်ဆီးမယ့် စစ်ထောက်လှမ်းရေးတွေကို ဖေါ်ထုတ်ကြ**

စစ်အေးခေတ်အပြီး နိုင်ငံတကာမှာ ဖြစ်ပွားခဲ့တဲ့ လူထုလှုပ်ရှားမှုတွေကို လေ့လာတဲ့အခါ လှုပ်ရှားမှုကြီး အောင်မြင်ရတဲ့ အကြောင်းရင်း လေးချက်ရှိပါတယ်။ လူထုရဲ့အင်အား၊ ခေါင်းဆောင်မှု၊ စစ်တပ်၊ နိုင်ငံတကာဖိအားတွေဟာ အဓိကကျတဲ့အချက်တွေ ဖြစ်တယ်။

ထင်ရှားတဲ့သာဓကတွေကတော့ ဖိလစ်ပင်း ၁၉၈၆၊ ရုရှား ၁၉၉၅၊ အင်ဒိုနီးရှား ၁၉၉၇၊ တောင်အာဖရိက၊ အရှေ့ဥရောပနိုင်ငံအချို့တွေမှာ ဖြစ်ပွားခဲ့တယ်။ လှုပ်ရှားမှုတွေဟာ ထင်ရှားတဲ့ သာဓကတွေ ဖြစ်တယ်။

'၈၈၈၈' လူထုလှုပ်ရှားမှုကြီးတုန်းက ကျနော်တို့မှာ လူထုအင်အားကြီးရှိခဲ့တယ်။ လူထုအင်အားကို စုစည်းပြီး အောင်ပွဲကို ခေါ်ဆောင်ပေးသွားမယ့် ဦးဆောင်မှု မရှိခဲ့ဘူး။

စစ်တပ်က ကျနော်တို့ လူထုဘက်မှာ မရှိခဲ့ဘူး။ နိုင်ငံတကာက ၈၈၈၈ လှုပ်ရှားမှုကို သိပ်မသိလိုက်ဘူး။ စတာတွေဟာ '၈၈၈၈' တုန်းက ကျနော်တို့ ရင်ဆိုင်ရတဲ့ လိုအပ်ချက်တွေဖြစ်တယ်။

ခု '၉၉၉၉' အကြောင်းကို လူထုတွေ ပြောလာကြပြီ၊ ပြောလာကြ၊ ဆွေးနွေးကြပြီဆိုရင် လှုပ်ရှားအသက်ဝင်ဖို့ မဝေးတော့ဘူး၊ '၉၉၉၉' ဟာ ထူးခြားရမယ်။ '၈၈၈၈' တုန်းက မရှိတဲ့ ခွန်အားတွေ ကျနော်တို့မှာ ရှိနေကြပြီ၊ လှုပ်ရှားမှုကြီးကို ခေါင်းဆောင်သွားမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့၊ ကိုယ်စားပြုကော်မတီ ရှိနေပြီ၊ နိုင်ငံတကာကလည်း ဗမာပြည်အရေးကို နိုင်ငံရေးအရ အားပေးကူညီမှုတွေနဲ့ ပတ်သက်လို့လည်း (၁၁)ခုနှစ်ကထက် ပိုမိုရရှိလာကြပါတယ်။ အဓိကရရှိတဲ့ အကူအညီတွေကတော့ ဒီမိုကရေစီပညာပေးရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အကူအညီတွေကို ကျနော်တို့ ရရှိခဲ့ကြတယ်။ ဒါဟာ ကျနော်တို့ (၁၁)လူထုလှုပ်ရှားမှုရဲ့ အသီးအပွင့်တွေ ဖြစ်ပါတယ်။ ဒါကြောင့် '၉၉၉၉' လှုပ်ရှားမှုကို ကျနော်တို့ လုပ်ကို လုပ်ရပါမယ်။





ရရှိနေတဲ့ အခွင့်အရေးတွေကို ကျနော်တို့ အသုံးပြုရပါမယ်။

နောက် '၉၉၉၉' မှာ စစ်တပ်ကို အမိန့်ပေးလို့ ရဦးမလားဆိုတာ ထောက်လှမ်းရေးတွေ သံသယရှိနေကြတယ်။ ဒီနေ့ စီးပွားရေးဒဏ်ကို တပ်မတော်သားတွေပါ ခံစားနေကြရတာ ဖြစ်တယ်။

ရန်ကုန်က မြေအောက်ရဲဘော်တွေရဲ့ သုံးသပ်ချက်တွေအရ '၉၉၉၉' အကြောင်းကို ပြောဆိုမျှော်လင့်နေကြတဲ့သူတွေအထဲမှာ တပ်မတော်သားတွေပါ ပါလာပြီဖြစ်တယ်။ တပ်မတော်ကို ကျနော်တို့ '၉၉၉၉' မှာ စည်းရုံးရမယ်။ ခင်ညွန့်ကို ဦးတည်တိုက်ရမယ်။ ဗိုလ်ချုပ်ကြီးမောင်အေးကို ကျနော်တို့ဘက် ပါအောင် စည်းရုံးရမယ်။ သူဟာ '၉၉၉၉' မှာ ပြည်သူဘက်က ရပ်တည်ရင် တပ်မတော်ရဲ့ ကျဆင်းနေတဲ့ ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်မယ်။

သူဟာ ဖိလစ်ပင်းက ဗိုလ်ချုပ်ကြီး ရားမို့စ်လို၊ အင်ဒိုနီးရှားစစ်တပ်လို ရပ်တည်ရလိမ့်မယ်။

ဒီနေရာမှာ လူထုအင်အားက အဓိကအကျဆုံးအင်အား ဖြစ်တယ်။ လူထုအင်အား မရှိဘဲနဲ့ ကျန်တဲ့အားတွေက ထက်လာမှာ မဟုတ်ဘူး။

ရန်သူ အကြောက်ဆုံးကလည်း လူထုအင်အားပဲ ဖြစ်တယ်။ ဒါကြောင့် ရန်သူက '၉၉၉၉' ဖြစ်မှာကို တလျှောက်လုံး ဆန့်ကျင်ခဲ့တယ်။ '၈၈၈၈' အရေးတော်ပုံကို နည်းမျိုးစုံနဲ့ ပုံဖျက်ခဲ့တယ်။ ဒါပေမယ့် '၈၈၈၈' ရဲ့ ဂုဏ်ရောင်ဟာ ပျောက်မသွားဘူး၊ ပိုပြီး တောက်ပြောင်လာတယ်။ ပတ္တမြားဂူကို တောဝက်တွေ ဝိုင်းပွတ်သလို အရောင်မှိန်မသွားဘူး။ တောက်သထက် တောက်ပြောင်သထက် ပြောင်လာတယ်။

တပြည်လုံးသိ၊ တကမ္ဘာလုံး သိလာတယ်။ ဒါကြောင့် '၉၉၉၉' ကို ရန်သူ ဝါဒဖြန့်နေသလို ကြောက်စရာမလို၊ '၉၉၉၉' ကို တခဲနက်ကြိုရမယ်။

'၈၈၈၈' ရဲ့ အတွေ့အကြုံပေါ် အခြေခံပြီး အောင်ပွဲကို ရယူရမယ်။ '၉၉၉၉' ကို ဖျက်ဆီးဖို့ ထောက်လှမ်းရေးတွေ ကြံနေပြီ။ အဖျက်လုပ်ငန်းတွေ လုပ်ဖို့အတွက် သင်တန်းတွေ ပေးနေပြီ။ အကြမ်းဖက်မှုတွေကို ရှေ့ကဦးဆောင်လုပ်မယ်။ ဘာသာရေး ၊ လူမျိုးရေးပဋိပက္ခကို ဖန်တီးဖို့ စီစဉ်နေပြီ၊ ကြံဖွတ်တွေကို အသုံးပြုပြီး တန်ပြန်ဆန္ဒပြပွဲတွေအတွက် ပြင်ဆင်နေတယ်။ အရေးပါတဲ့ စစ်ခေါင်းဆောင်တွေ၊ အဆောက်အဦးတွေကို လုံခြုံရေးယူနေကြပြီ။ လူထုအုံကြွမှုကို ချေမှုန်းပစ်ဖို့ စစ်တပ်တွေကို နေရာချနေကြပြီ။ ဒါဟာ ရန်သူရဲ့ ပြင်ဆင်မှု ဖြစ်တယ်။ ရန်သူက ပြင်ဆင်မှုတွေ ဘယ်လိုပဲလုပ်လုပ်၊ ကျနော်တို့က '၉၉၉၉' အလုပ်တရားကို ဘယ်နည်းနဲ့မှ နောက်ဆုတ်လိမ့်မှာ မဟုတ်ဘူး။

ကျနော်တို့ လူထုတွေအနေနဲ့ စိုးရိမ်ပူပန်မှုတခုရှိတယ်။ ဒါကတော့ ရန်သူက '၉၉၉၉' လှုပ်ရှားမှုကို ဝင်ရောပြီး အဖျက်လုပ်ငန်း လုပ်မှာကို ဖြစ်တယ်။ ဒါကို ကျော်လွှားရမယ့် ကျနော်တို့ရဲ့ နည်းနာကတော့ ငြိမ်းချမ်းစွာ ဆန္ဒပြရေးမှုကို ကိုင်ထားရမယ်။ စည်းကမ်းတကျ ဆန္ဒပြရမယ်။ သတ္တိရှိရှိ တိုက်ပွဲဝင်ရမယ်။ အောင်ပွဲဆိုတာ တိုက်ရဲတဲ့ ပြည်သူတွေအတွက်သာဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို ကမ္ဘာ့အာဏာရှင်အသီးသီးကို သင်ခန်းစာ ပေးရမယ်။ ကျနော်တို့ အတွေ့အကြုံကို အဖိနှိပ်ခံပြည်သူတိုင်းအတွက် မျှဝေပေးရမယ်။ ဒါကြောင့် '၈၈၈၈' အတွေ့အကြုံကို အခြေခံပြီး '၉၉၉၉' မှာ အောင်ပွဲကို အရယူကြပါစို့။ ❖

**မိုးသီးဇွန်**



# စစ်အာဏာရှင်နိဂုံး 'ကိုးလေးလုံး'

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

သမိုင်းဝင်ပုံရိပ်များအမှတ် (၅)

# ကိုးလေးလုံး အလားအလာနှင့် စိန်ခေါ်မှုများ

**‘ပြည်သူလူထုအနေနဲ့ သူတို့ရဲ့ ဘဝအခြေအနေ အထွေထွေ ပိုမိုကောင်းမွန်လာစေရေးအတွက် အလိုအလျောက် ဆန္ဒထပြ အရေးဆိုလာမှာမျိုးကို ကျမတို့ ထောက်ခံပါသလားလို့ မေးတာဆိုရင် ကျမတို့ကတော့ သေချာပေါက် ထောက်ခံတယ်လို့ ဖြေရမှာပဲ၊ ဘာ ကြောင့် ကျမတို့က မထောက်ခံရမှာလဲ၊ လူထုတွေအနေနဲ့ ကိုယ့်ဘဝကိုယ် ကောင်းမွန်လာစေရေးအတွက် လုပ်ဖို့ လိုအပ်နေတယ်ဆိုတာ ကျမတို့ သိနေတာပဲ’**

ဒေါ်အောင်ဆန်းစုကြည်
(ဇွန်–၁၁၊ ၁၉၉၉ အေးရှားဝိခ်တွေ့ဆုံခန်း)

၁၉၈၆ ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၉၂ ထိုင်းနိုင်ငံနဲ့ မကြာခင်က ဖြစ်ပွားခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံ ပြည်သူ့အာဏာ လှုပ်ရှားမှုတွေက အရှေ့တောင်အာရှဟာ ၂၁ ရာစုထဲ မဝင်ခင် သူ့ကိုယ်သူ ဆေးကြော သုတ်သင်နေတာပဲ ဖြစ်တယ်ဆိုတာကို ထင်ဟပ်ပြသနေတာပါ။ အာဏာရှင်စနစ်ဟာ ၂၁ ရာစုနဲ့ ဘယ်လိုမှ အံမဝင်နိုင်တော့ဘူးဆိုတာဟာ ဆန္ဒစွဲ မြည်တမ်းချက် မဟုတ်ပါဘူး။ ဒါဟာ သမိုင်းဆိုင်ရာ တောင်းဆိုချက်ကြီး ဖြစ်လာနေတာပါ။ အရှေ့တောင်အာရှလုံးဆိုင်ရာ လူထုကြီးက ဒီအချက်ကို ဆုပ်ကိုင်ပြီး အင်အားအဖြစ် ပြောင်းလဲပြလိုက်ပါပြီ။

ဒီ အရှေ့တောင်အာရှဒေသကြီးထဲမှာ ရှစ်လေးလုံးလူထုအုံကြွမှုနဲ့ သမိုင်းကျက်သရေကို ဆောင်ခဲ့တဲ့ ကျနော်တို့ မြန်မာနိုင်ငံကရော အခုထိ အာဏာရှင်စနစ်အောက်မှာ ရှိနေရသေးတာဆိုတော့ ဘယ့်နှယ့်ရှိပါစလို့ မေးရမလိုဖြစ်နေပါတယ်။ ဒါကြောင့် ဒီဆောင်းပါးမှာတော့ မြန်မာနိုင်ငံက စစ်အာဏာရှင်စနစ်ဆိုးကို မရဏခေါင်းလောင်းထိုးမယ့် ပြည်သူ့အာဏာလှုပ်ရှားမှုကြီး ဖြစ်နိုင်ချေ ရှိ မရှိဆိုတဲ့ အလားအလာများနဲ့စိန်ခေါ်မှုများကို အဓိက ဇောင်းပေး ဆွေးနွေးဖို့ ရည်ရွယ်ပါတယ်။

ယနေ့ မြန်မာပြည်တွင်းမှာ လူထု တိုက်ပွဲကြီးအဖြစ် ခေါ်ယူထားတဲ့ ‘ကိုးလေးလုံး’ဆိုတဲ့ အသံဟာတွေဟာ ပွက်ပွက်ညံနေပါတယ်။ ဒါကြောင့် ခု ဆွေးနွေးမယ့် ပြည်သူ့အာဏာ လှုပ်ရှားမှုကြီး ဖြစ်နိုင်ချေ ရှိ၊ မရှိ ဆိုတဲ့ အချက်များဟာ ဝိသေသအားဖြင့် ‘ကိုးလေးလုံး’လူထုတိုက်ပွဲကို အခြေခံပြီး တင်ပြထားတာပဲဖြစ်ပါတယ်။

## ပြေလွှင်ငြိမ်းချမ်း

### အလားအလာများ

(၁)

မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသဖြင့် ဘက်စုံမှာ အထွေထွေအကျပ်အတည်းကြီး ဆိုက်နေတာဖြစ်လို့ ဒါဟာ အထွေထွေအုံကြွမှုကို ဧကန် ရှေ့ရှုသွားစေမှာ ဖြစ်ပါတယ်။ ဒါက မချွတရားပါ။ အောက်ပါ အကျဉ်းရုံး ဖော်ပြချက်များက ဒါကို ပေါ်လွင်စေလိမ့်မယ်။

**(က) နိုင်ငံရေးအခြေအနေ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဟာ အမျိုးသားညီလာခံက ထွက်ခွာသွားပြီးတဲ့အချိန်ကစလို့ မြန်မာနိုင်ငံရေးမြင်ကွင်းရဲ့ ဆုံချက်ဟာ ပြောင်းလဲသွားပါတယ်။ အမျိုးသားညီလာခံကို ရှေ့ဆက်ကျင်းပရေး၊ မကျင်းပရေးဆိုတဲ့ ပြဿနာကနေ တွေ့ဆုံဆွေးနွေးရေးလုပ်မလား၊ မလုပ်ဘူးလား ဆိုတဲ့ကိစ္စကို ဆုံချက်ပြောင်းသွားတာပါ။ အပေါ်ယံရှုပ်ကြည့်ရင် စစ်အစိုးရဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ကျောင်းသား၊ အလုပ်သမား စတဲ့ ဒီမိုကရေစီအင်အားစုများကို ရက်ရက်စက်စက် ချေမှုန်းဖြိုခွဲပစ်နေတယ်လို့ ထင်သာမြင်သာရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုတွေကို သေသေချာချာ လေ့လာကြည့်မယ်ဆိုရင် စစ်အစိုးရရဲ့ အရေးယူ ဆောင်ရွက်ချက် မှန်သမျှဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည် အကောင်အထည်ဖော်နေတဲ့ နိုင်ငံရေး လမ်းစဉ်တွေကို နောက်က တကောက်ကောက်လိုက်ပြီး တုန့်ပြန်နေရတာသာ ဖြစ်တယ်ဆိုတာ တွေ့ရမှာပါ။ စစ်အစိုးရရဲ့ ပေါ်လစီလုပ်ဟန်ဟာ သူ့နိုင်ငံရေး ပန်းတိုင် (အမျိုးသားညီလာခံ အဆုံးသတ်ရေး၊ အပစ်အခတ်ရပ်စဲထားတဲ့ လူမျိုးစုများပြဿနာကို ဖြေရှင်းနိုင်ရေး)ကို သူ အကောင်အထည်ဖော်တဲ့ ဦးဆောင်မှုပေါ်လစီ (Proactive Policy)မဟုတ်ဘဲ အမျိုးသားဒီမိုကရေစီနဲ့ ဒေါ်အောင်ဆန်းစုကြည် လုပ်သမျှကို မရှုနိုင် မကယ်နိုင် ကျည်ပွေ့လိုက်နေရတဲ့(Reactive Policy)သာ ဖြစ်နေပါတယ်။ အမျိုးသားညီလာခံနဲ့ ပတ်သက်ရင် နအဖ ဟာ လေသံမျှတောင် မဟဖြစ်တော့ဘဲ သူမလုပ်ချင်ဆုံး တွေ့ဆုံဆွေးနွေးရေးကို လုပ်ချင်စိတ် ရှိပါတယ်လို့ မကြာခဏ ပြောပြောလာနေရတာ တွေ့ရပါတယ်။ အပစ်အခတ်ရပ်စဲရေးအင်အားစုများနဲ့ နိုင်ငံရေးအဖြေရှာနိုင်ရုံမျှသာမက တချို့ အင်အားစုများဟာ နအဖ နဲ့ပေါင်းပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိနေတယ်ဆိုတဲ့ အိမ်နီးချင်းနိုင်ငံတွေကပါ တရားဝင် စွပ်စွဲပြောဆိုလာနေကြပါပြီ။ ဒါတွေက စစ်အုပ်စုရင်ဆိုင်နေရတဲ့ နိုင်ငံရေးအရ အခြေအနေအထားတွေပါ။

**(ခ) စီးပွားရေးအခြေအနေ**

စစ်အစိုးရ ရင်ဆိုင်နေရတဲ့ အကျပ်အတည်းတွေအနက်က အဆိုးရွားဆုံးကို ပြောပါဆိုရင် စီးပွားရေးအခြေအနေကို ထောက်ပြရမှာပါပဲ။ ကုန်ဈေးနှုန်းများ ခေါင်ခိုက်လာမှု၊ အထူးသဖြင့် ဆန်ဈေးများ တဟုန်ထိုး တက်နေမှုတို့ဟာ သာမန်ပြည်သူတွေကို အခါးသီးဆုံး ခံစားရစေတာ ဖြစ်ပါတယ်။ အလုပ်လက်မဲ့ပြဿနာကလည်း လူထုတွေရဲ့နေ့စဉ်ဘဝကို အထူးရိုက်ခတ်ပါတယ်။ နအဖ လက်အောက် စီးပွားရေးအကျပ်အတည်းများက သိသာမြင်သာ ရှိလွန်းတာမို့ အသေးမစိတ်တော့ပါဘူး။ ဒါပေမယ့် စီးပွားရေးအကျပ်အတည်းက လူထုတွေကို လမ်းပေါ် ထွက်အောင် တွန်းအားပေးနိုင်ဆုံး အချက်ဖြစ်တယ်ဆိုတာတော့ မှတ်ချက်ပြုခဲ့ပါတယ်။

**(ဂ) စစ်တပ်တွင်းအခြေအနေ**

စစ်တပ်တွင်း သဘောထားကွဲလွဲမှုများကလည်း ဂရုပြုချင်စရာ ကောင်းပါတယ်။ ၁၉၉၇ ခုနှစ် နှောင်းပိုင်း နဝတ ကို နအဖ အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ချိန်ကစလို့ စစ်အုပ်စုအတွင်း တင်းမာမှုဟာ ပိုမိုပြင်းထန်လာနေပါတယ်။ သာမန် စစ်သားရဲဘော်များနဲ့ မိသားစုများဟာ ထမင်းတောင် မဝလင်တဲ့ ဘဝရပ်တည်ရေးပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ တပ်ပြေးများရဲ့ အတွေ့အကြုံအရလည်း စစ်တပ်အတွင်း အထက်အောက်ဆက်ဆံရေးဟာ ပိုမိုပြီး ရက်စက်ကြမ်းကြုတ်လာနေပါတယ်။ အလယ်အလတ်အဆင့် အရာရှိများအတွင်းမှာတော့ စစ်အစိုးရရဲ့ လုပ်ရပ်များဟာ တပ်မတော်ရဲ့ ဂုဏ်သရေကို ထိခိုက်စေတယ်ဆိုတဲ့ ထင်မြင်ချက်မျိုး မကြာခဏ ထွက်ပေါ်လာတတ်ပါတယ်။ ဗိုလ်ချုပ်ကြီးများလို အဆင့်အမြင့်ဆုံး အရာရှိကြီးများအတွင်းမှာတောင် အာဏာကို ဆက်လက်ဆုပ်ကိုင်ထားရေးမှာ သဘောတူညီကြစေကာမူ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို ဘယ်လို ကိုင်တွယ်မလဲဆိုတဲ့ အပေါ်မှာ သဘောကွဲတာကို တွေ့ရပါတယ်။ ယခုလက်ငင်း ကိုးလေးလုံး လူထုလှုပ်ရှားမှုကို ချေမှုန်းရန် နယ်မှ စစ်တပ်များကို ဆင့်ခေါ်ယူရာမှာတောင် ဗိုလ်ချုပ်မောင်အေးက အရှေ့မြောက်ပိုင်းနဲ့ အရှေ့တောင်းတိုင်း တပ်ရင်းများကို ရန်ကုန်သို့ ခေါ်ယူလိုပြီး ဗိုလ်ချုပ်ခင်ညွှန့်ကတော့ မြောက်ပိုင်းတိုင်းနဲ့ အလယ်ပိုင်းတိုင်းမှ တပ်ဖွဲ့များကို ရန်ကုန်သို့ ခေါ်ယူရန် ကြိုးစားနေတယ်လို့ သိရပါတယ်။ သဘောကတော့ စစ်ဗိုလ်ချုပ်ကြီးများဟာ မြို့တော်များမှာ မတည်မငြိမ်ဖြစ်လာတဲ့အခါ ၎င်းတို့လူယုံတပ်များကိုသာ ၎င်းတို့အနားမှာ ရှိနေစေချင်တာပဲ ဖြစ်ပါတယ်။ ဒါဟာ ဆန္ဒပြသူများကို ချေမှုန်းရန် ပြင်ဆင်ခြင်းသာမက ၎င်းတို့အချင်းချင်း မယုံကြည်မှု အပြည့်နဲ့ တစုံတခုဖြစ်ရင် ကြိုတင် လက်ဦးမှုရနိုင်အောင် ပြင်ဆင်နေတာပဲဖြစ်ပါတယ်။

ဒါပေမယ့် ဒီလို တပ်တွင်း သဘောကွဲလွဲမှု၊ ခြေပုန်းခုတ်နေမှုတွေ၊ မကျေနပ်ချက်တွေက တပ်ကြီး မနက်ဖြန်သန်ဘက်ခါ ပြိုကွဲသွားမယ်ဆိုတဲ့ အခြေအနေလောက်အထိ လက်ငင်းကာလမှာ ပြဆိုနေခြင်းမျိုးတော့ မရှိသေးပါဘူး။ ထူးခြားတဲ့ဥပမာတခုကတော့ ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ကျောင်းသားဆန္ဒပြပွဲများကို လုံထိန်းများရဲ့ တုန့်ပြန်ပုံပါပဲ။ တာဝန်ကျစစ်ဗိုလ်က လုံထိန်းတပ်ဖွဲ့ကို ဆန္ဒပြကျောင်းသားများအား



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သ မိုင်း ဝ င် ပုံ ရိ ပ် မျ ာ း အ မှ တ် (၅)



**ကျွန်မတို့ ဒီမိုကရေစီကြိုးပမ်းမှုမှာ ရှေ့ပြေးတာ ရန်ကုန်မြို့တော်က လူတွေ ဖြစ်စေချင်တယ်။ ဖြစ်လဲ ဖြစ်ကိုဖြစ်ရမယ်။ ရှစ်ဆယ့်ရှစ် အရေးအခင်းတုန်းကလည်း ရန်ကုန်က စတာပဲ၊ ရန်ကုန် မြို့တော်ကပဲ စတာပဲ။ ဒီလိုပဲ တကယ့်အရေးကြီးတဲ့ နိုင်ငံရေးလှုပ်ရှားမှုကြီးတွေဆိုလို့ရှိရင် မြို့တော်ကပဲ စတာ များ တတ်ပါတယ်။ တခါတလေ တချို့နိုင်ငံတွေမှာ မြို့လေးတမြို့က နေပြီးတော့ ပြဿနာဖြစ်ပြီးတော့ အဲ့ဒီကနေ မီးစပွားပြီးတော့ အရေးအခင်းကြီးတွေ ဖြစ်လာတယ်ဆိုတာလည်း မရှိဘူး မဟုတ်ပါဘူး။ ရှိတော့ရှိပါတယ်။ သို့သော်ငြားလည်း အများသဖြင့်တော့ မြို့တော်ကနေပြီးတော့ ဦးဆောင်ရတာပဲ။ နိုင်ငံရေး လှုပ်ရှားမှု၊ လူမှုရေးလှုပ်ရှားမှု၊ စီးပွားရေးလှုပ်ရှားမှုတွေဆိုရင် မြို့တော်ကနေပြီးတော့ ဦးဆောင်ရတာ များပါတယ်။**

ဒေါ်အောင်ဆန်းစုကြည်

**(၁၉-၅-၉၉)ရက်နေ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်း မြို့နယ်စည်းရုံးရေးအဖွဲ့များ ဆွေးနွေးပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နှုတ်ချက်**

ရိုက်နှက်ဖို့ အမိန့်ပေးခဲ့တဲ့အခါ လုံထိန်းများဟာ နှစ်ကြိမ်တိတိ အမိန့်ကို ငြင်းဆန်ပြီး မရိုက်ဘဲ နေခဲ့ကြပါတယ်။ သုံးကြိမ်မြောက်အမိန့်နဲ့အတူ ရိုက်နှက်ရတော့လည်း ဒီရိုက်နှက်ပုံဟာ ၁၉၈၈ ခုနှစ် တံတားနီမှာ ကျောင်းသားကျောင်းသူများကို ရိုက်နှက်ဖြိုခွင်းခဲ့ပုံနဲ့ အတော်ပဲ ကွာခြားနေတာ တွေ့ရပါတယ်၊ ဝတ္တရားကျေသဘောလို ဆန်လာတာမျိုးပါ။

အထက်ပါအခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ရင် စစ်တပ်အတွင်းမှာ တည်ဆောက်ထားတဲ့ သစ္စာစောင့်သိမှု ယန္တရားဟာ သိသိသာသာကြီး လျော့ရဲလာနေတာကို တွေ့ရမှာပါ။ စစ်ထောက်လှမ်းရေးသာ တိုင်းပြည်ရဲ့ဗီလိန်၊ ဂုံးရုပ်အဆင့်နေရာမျိုးမှာ ခိုင်ခိုင်မာမာ ရှိနေတယ်လို့ ဆိုရမှာပါ။ အကယ်၍ (ဟိုတကွက်၊ ဒီတစု မဟုတ်ဘဲ) ရှစ်လေးလုံးလိုနိုင်ငံနဲ့အဝှမ်း လူထုအုံကြွမှုကြီးဖြစ်လာခဲ့ရင် ဗိုလ်ချုပ်ကြီးတွေရဲ့ ပစ်မိန့်ကို အလယ်ဆင့်အရာရှိများ စစ်သားရဲဘော်များအနေနဲ့ ဘယ်လောက်အထိ လိုက်နာဆောင်ရွက်မယ်ဆိုတာ စိတ်ဝင်စားစရာ မေးခွန်းကြီးတခု ဖြစ်လာနေပါတယ်။

### (ဃ) လူမှုရေးအခြေအနေ

မြန်မာပြည်ရဲ့ပညာရေးနဲ့ ကျန်းမာရေးအခြေအနေကတော့ ကြားတဲ့သူတိုင်း သြချရမယ့်အထိ ဆိုးနေတာပါ။ တက္ကသိုလ်တွေကို ပိတ်ထားဆဲပါ။ မိဘ အတော်များများက သားသမီးတွေကို ကျောင်းပညာရေး ရပ်ပစ်ပြီး အလုပ်သွင်းနိုင်ဖို့ ဝင်ငွေရှာစေဖို့ ပိုမိုရွေးချယ်ကြိုးပမ်းလာနေကြပါပြီ။ ဆေးရုံတွေမှာ အခြေခံလိုအပ်တဲ့ ဆေးဝါးတောင် ဗလာနတ္တိဖြစ်နေပြီ။ HIV/AIDS ပျံ့ပွားမှုနဲ့ ဒေါသူပုန်ထ ပေါက်ကွဲမှုကို တာစူစေပါတယ်။

(၂)

လူထုအုံကြွမှုတခု ဖြစ်နိုင်ဖို့ ဒုတိယ အလားအလာတရပ်ကတော့ မြေအောက်တက်ကြွသူအဖွဲ့များနဲ့ ပတ်သက်ပါတယ်။ ကျောင်းသားရဟန်းနဲ့ အလုပ်သမားအင်အားအသီးသီးအတွင်းမှာ မြေအောက်စုဖွဲ့မှုများဟာ ပိုမိုကောင်းမွန်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဒီမြေအောက်စုဖွဲ့မှုအင်အားတွေနဲ့ ပတ်သက်ရင် နိုင်ငံတကာက အချို့သတင်းဌာနများ၊ အုပ်စုများနဲ့ ပြည်တွင်းက စစ်အုပ်စုတို့မှာ နားလည်ပုံ အကြီးအကျယ်လွဲချော်နေတာ တွေ့ရပါတယ်။ လူထုလှုပ်ရှားမှုကို ပြင်ဆင်နေတဲ့ မြေအောက်စုဖွဲ့တိုင်းဟာ NLD၊ ABSDF၊ ဗကသ၊ NCUB စတဲ့ အဖွဲ့အစည်းများ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာစိန်ဝင်း၊ မိုးသီးဇွန်၊ ဒေါက်တာနိုင်အောင် စတဲ့ လူပုဂ္ဂိုလ်များနဲ့ ပတ်သက်ဆက်စပ်နေတယ်ဆိုတဲ့ အယူတိမ်းပါးမှုပါပဲ။ တကယ်တော့ ထင်ရှားတဲ့ ဒီမိုကရေစီရေးအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပွဲတင်ထပ်နိုင်တာဟာ အနည်းအကျဉ်းမျှသာပါ။ ရေခဲမြစ်ထဲက ရေခဲတောင်ကြီးနဲ့ ရေပေါ်မှာ မြင်သာထင်သာတွေ့နေရတဲ့ ထိပ်ဖျားပိုင်းလေးမျှသာပါ။ တကယ့်တကယ် ဘယ်သူဘယ်ဝါလို့ သတ်မှတ်လို့မရဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တိုက်ပွဲဝင်ဖို့ ပြင်ဆင်နေကြတဲ့ မြေအောက်စုဖွဲ့မှု ထုထည်ကြီးဟာ ရေအောက်မြုပ်နေတဲ့ ရေခဲထုကြီးပမာ ကြီးမားအားကောင်းနေတာဖြစ်ပါတယ်။ မကြာမီကစတင်ပြီး အရှိန်အဟုန်နဲ့ ဖြစ်ပွားလာနေတဲ့ နေရာအနှံ့ အထက်တန်းကျောင်းသားလေးတွေရဲ့ လှုပ်ရှားမှုဟာ တက်ကြွမှုအပြည့်ရှိပြီး အားကောင်းလာပါတယ်။ လက်လှမ်းမီသမျှ ပြည်တွင်းမြေအောက်လှုပ်ရှားသူတွေရဲ့ အတွေ့အကြုံနဲ့ နည်းနာဆိုင်ရာပြင်ဆင်မှု (သတင်းစုဆောင်းခြင်း၊ တိုက်ပွဲဆင်ဟန် စသဖြင့်)တို့ဟာလည်း လှုပ်ရှားမှုတခုလုံးကို ဦးစီးဦးဆောင်ပြုနိုင်အောင် ကြွယ်ဝကုံလုံတာကို တွေ့ရပါတယ်။

(၃)

ဆောင်းပါးအဖွင့်မှာ ကိုးကားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားကလည်း အကြမ်းမဖက်သရွေ့ လူထုဘဝ တိုးတက်ရေးအတွက် လူထုကိုယ်တိုင် ရှန်းကန်တိုက်ပွဲဆင်ကာ ဆန္ဒပြတာကို ထောက်ခံတယ်ဆိုတဲ့ ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖြစ်လို့ ခေါင်းဆောင်မှုဆိုင်ရာ လမ်းညွှန်မှုလို့ ယူဆရမှာပါ။ ဒီအယူအဆဟာ ကျောင်းသားများနဲ့ အခြားလှုပ်ရှားသူများ တနိုင်ငံလုံးကျင့်သုံးလာတာမို့ ခုလို ဒေါ်အောင်ဆန်းစုကြည်က ပြောင် ထုတ်ဖော်ပြောဆို ထောက်ခံလိုက်တာဟာ ခေါင်းဆောင်မှုဆိုင်ရာ အားပြည့်မှုကို ဖြစ်စေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လူထုဆန္ဒပြမှုကို အစကနဦး ရှေ့မဆောင်စေကာမူ လူထုလှုပ်ရှားမှုဖြစ်လာရင် တုံ့ဂျိဘာဝေ နေမှာ မဟုတ်ဘူးဆိုတာ သိသာစေခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာ အရေးကြီးတဲ့ ခေါင်းဆောင်မှုပြဿနာကို ဖြေရှင်းနိုင်လိုက်ခြင်းပါပဲ။

(၄)

စတုတ္ထအလားအလာကတော့ လူထုအုံကြွမှုဖြစ်လို့ အသွင်ကူးပြောင်းရေးပြဿနာ တက်လာမယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)တည်ရှိနေခြင်းက ကြီးစွာ အထောက်အကူပြုနိုင်တာပါဘဲ။ လူထုအုံကြွမှုတွေ ဖြစ်တိုင်း လူတွေ လမ်းပေါ်ထွက်လာကြ၊ အစိုးရယန္တရားတခုလုံး ရပ်သွားပေမဲ့ အသွင်ပြောင်းလဲရေးအတွက် အရေးတကြီး ဆုံးဖြတ်တဲ့ အာဏာလေဟာနယ် (Power Vacc-um)ကို မဖြည့်နိုင်လိုက်လို့ပဲ လှုပ်ရှားမှုဟာ ယာယီ ပြိုဆင်းတတ်တာကို တွေ့ရစမြဲပါ။ ရှစ်လေးလုံးတုန်းကလည်း ကျောင်းသားများက ဒီအချက်ကို ထောက်ပြပြီး အာဏာလေဟာနယ်ကို အမြန်ဆုံးဖြည့်နိုင်ရန် ကြားဖြတ်အစိုးရဖွဲ့စည်းဖို့ တိုက်တိုက်တွန်းတွန်း စီစဉ်ခဲ့ကြပါသေးတယ်။ အကြောင်းကြောင်းကြောင့် မအောင်မြင်ခဲ့ပါဘူး။ စစ်အုပ်စုက လက်ဦးအာဏာသိမ်းခဲ့ပါတယ်။ လူထုအုံကြွမှုတခုကို ဖော်ဆောင်နိုင်ရုံနဲ့ စစ်မှန်တဲ့အောင်ပွဲကို မရယူနိုင်သေးပါဘူး။ အာဏာလေဟာနယ်ကို ဖြည့်ရပါမယ်။ ဒါဟာ ရှစ်လေးလုံးကပေးတဲ့ သခ်ၤန်းစာပါ။ ခုချိန်မှာတော့ အသွင်ကူးပြောင်းရေး အာဏာလေဟာနယ်ကို ဖြည့်နိုင်ဖို့ ဗမာများရော လူမျိုးစုများပါ ထောက်ခံတဲ့ CRPP ရှိနေပါပြီ။ ဒါဟာ အထူးအရေးပါတဲ့ အားသာချက်ပါ။

(၅)

နိုင်ငံတကာအစိုးရများ၊ လွတ်လပ်တဲ့အဖွဲ့အစည်းများနဲ့ သတင်းဌာနများရဲ့ မြန်မာ့အရေးအပေါ် အာရုံစိုက်မှုနဲ့ ဖိအားပေးမှု မြင့်လာနေတာကလည်း အားရစရာပါ။ နိုင်ငံတကာရဲ့ ပိုမိုစောင့်ကြည့်မှုခံရလေ နအဖ အနေနဲ့ လူထုကို စိတ်ထင်တိုင်း ပက်ပက်စက်စက် လုပ်ဖို့ခက်ခဲလေပဲ ဖြစ်ပါတယ်။

(၆)

ဆဌမအလားအလာကောင်းတရပ်ကတော့ လူထုဟာ နိုင်းယှဉ်ချက်အရ သတင်းလက်ခံရရှိမှု ပမာဏ ပိုမိုမြင့်မားလာတာပါပဲ။ BBC၊ VOA၊ RFA၊ DVB စတဲ့နိုင်ငံရပ်ခြား အခြေစိုက် မြန်မာဘာသာ အသံလွှင့်ချက်များက လူထုကို သတင်း ပုံမှန်ထုတ်လွှင့်ပေးနေတာ တွေ့ရပါတယ်၊ လူတွေဟာ သတင်းလက်ခံရရှိမှု ပိုမိုလာလေ လူမဆန်စွာ ဆက်ဆံခံနေရတဲ့ လက်ရှိအခြေအနေကို ပိုသည်းမခံနိုင်လေပါပဲ။ သတင်းအခြေအနေမှန်ကို ပိုမိုသိရှိလာခွင့်ရခြင်းဟာ လူထုရဲ့စိတ်ဓာတ်ခွန်အားကို တိုးလာစေတာ တွေ့ရပါတယ်။

(၇)

အရေးအပါဆုံး အားသာချက်ကတော့ လူထုကြီးက အခြေအနေတွေဟာ ဒီအတိုင်း ဆက်သွားနေလို့တော့ဖြင့် မဖြစ်နိုင်တော့ဘူးဆိုတဲ့ သဘောထားမျိုးကို ခံယူလာနေတာပါပဲ။ စစ်ထောက်လှမ်းရေးရဲ့ ပြင်းပြင်းထန်ထန် နှိပ်ကွပ်မှုများရှိနေတာတောင် လူထုမှာ အပြောင်းအလဲအတွက် မျှော်လင့်ချက်နဲ့ စိတ်အားထက်သန်မှု ပြည့်နှက်နေတာဟာ အံ့ချီးဘနန်းပဲဖြစ်ပါတယ်။

⇨









# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သမိုင်းဝင်ပုံရိပ်များအမှတ် (၅)

**စိန်ခေါ်မှုများ**

**(၁) တင်ကြိုခြိမ်းခြောက်နေမှုများ**

မကြာခင်က ပြုလုပ်ခဲ့တဲ့ နအဖ သတင်းစာရှင်းလင်းပွဲတွေမှာ ကိုးလေးလုံး ပြင်ဆင်မှုတွေကို ဘယ်လိုချေမှုန်းလိုက်ကြောင်း ပြောဆိုပြီး လူထုကို ခြောက်လှန့်ပြနေတာ တွေ့ရပါတယ်။ (ဒါပေမယ့် ဒီသတင်းစာရှင်းလင်းပွဲ ဝါဒဖြန့်ချက်တွေဟာ လူထုကို ဖြဲခြောက်နေရုံမျှတော့ မဟုတ်ပါဘူး။ ကိုးလေးလုံး ဖြစ်လာရင် အခြေပျက်သွားမှာစိုးလို့ ထိတ်လန့်တပြာပြာ ဖြစ်နေတဲ့ အဆင့်မြင့်စစ်တပ်အရာရှိကြီးများနဲ့ မိသားစုများကို သွေးမပျက်ဖို့ ရဲဆေးတင်ပေးနေတာလည်း ဖြစ်ပါတယ်။) လမ်းဆုံလမ်းခွတွေမှာ အဓိကကျတဲ့ ရုံးတွေမှာ စစ်တပ်များ၊ လုံထိန်းများကို နေရာချထားခြင်းနဲ့ လူမြင်ကွင်းမှာ လုံထိန်း၊ ကြံ့ဖွံ့တ်များကို အဓိကရုဏ်း နှိမ်နှင်းရေး အစမ်းလေ့ကျင့်မှုများ ပြုစေခြင်းတို့ဖြင့် လူထုကို ခြောက်လှန့်နေတာပါ။ ငါးယောက်ထက် ပိုစုခွင့်မပြုတဲ့ ပုဒ်မ– ၁၄၄ ကို တရားဝင်မကြေငြာဘဲ ထုတ်ပြန်ထားတာတွေလည်း နေရာအတော်များများမှာ ရှိနေပါတယ်။ ဆန္ဒပြပွဲတွေမှာ မပါဝင်ဖို့ အသံချဲ့စက်နဲ့ လှည့်အော်ပြီး လူထုတွေကို ခြိမ်းခြောက်နေတာပါ။ ညော့်စာရင်းစစ်မှုတွေ ပိုစိပ်သထက် စိပ်လာပြီး ခရီးသွားလာခွင့်ကိုလည်း ပိုမိုတင်းကြပ်မှု ပြုထားပါတယ်။

**(၂)တန်ပြန်သပိတ်ဆောင်ရွက်ချက်များ**

စစ်အစိုးရဟာ သူ့လုပ်ရိုးလုပ်စဉ် ဘာသာရေးနဲ့ လူမျိုးရေးအဓိကရုဏ်းများကို ဖန်တီးပြီး လူထုရဲ့ဒေါသကို လမ်းကြောင်းပြောင်း၊ အာရုံလွှဲဖို့တော့ လုပ်လာမှာပါ။ ဒါပေမယ့် ယခုအကြိမ်မှာတော့ ကြံ့ဖွံ့တ်ကို သုံးပြီး ဆန္ဒပြသူများနဲ့ ထိပ်တိုက်တွေ့အောင် လုပ်လာဖွယ်ရှိပါတယ်။ ဆန္ဒပြသမားများကို ကြံ့ဖွံ့တ်က လူလုံးနဲ့ ဝင်ဖမ်းဖို့ လေ့ကျင့်ပြင်ဆင်နေတာတွေ ရှိပါတယ်။ သဘောကတော့ အရပ်သားချင်း ပဋိပက္ခအသွင်ဖြစ်အောင် ဖန်တီးပြီး ရှုပ်ထွေးအောင် လုပ်နေတာပါ။ ဒ့ါအပြင် လုမှု ယက်မှုစတဲ့ အကြမ်းဖက်မှုတွေကိုလည်း တန်ပြန်သပိတ်များက စတင်လှုံ့ဆော်လာဖွယ် ရှိပါတယ်။

(၃)

NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အတုအယောင် တွေ့ဆုံဆွေးနွေးရေးကို ကမ်းလှမ်းခြင်းအားဖြင့်လည်း နအဖဟာ လူထုရဲ့အာရုံနဲ့ စိတ်အားထက်သန်မှုကို လမ်းလွှဲပစ်နိုင်ပါတယ်။ အပေါ်ယံ မျက်နှာချေလိမ်း ပြောင်းလဲမှုတချို့ကို (ကုလသမဂ္ဂကိုယ်စားလှယ် ဒီဆိုတိုရောက်ချိန်နဲ့ တိုက်ပြီး) ပြုလုပ်ခြင်းအားဖြင့် လူထုနဲ့ နိုင်ငံတကာရဲ့ ဒေါသကို ချွေးသိပ်နိုင်ပါတယ်။

(၄)

လူစုဝေးရန် ဆုံချက်နေရာများ ရှားပါးခြင်းဟာလည်း ဒီမိုကရေစီရေး လှုပ်ရှားသူများ ရင်ဆိုင်နိုင်ရချေရှိတဲ့ စိန်ခေါ်မှုတရပ်ဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းများ ပိတ်ထားမှုနဲ့ အထက်တန်းကျောင်းများကိုလည်း ပိတ်ပစ်ဖွယ်ရှိမှုတို့က လှုပ်ရှားမှုကို အဓိက ဦးဆောင်မယ့် ကျောင်းသားထုအတွက် ဆုံချက်ရှာဖွေရေးမှာ အကျပ်ရိုက်စေပါတယ်။ ဝါတွင်းကာလဖြစ်တဲ့အတွက် ဝိနည်းတော်အရ ရဟန်းများ ခရီးသွားရေးမှာ အကန့်အသတ်များစွာ ကြုံနေရပါတယ်။ ဆောက်လုပ်ရေးစီမံကိန်း အတော်များများကလည်း ရပ်တန့်ထားရတာမို့ အလုပ်သမားတွေ ထောင်နဲ့ချီ စုဝေးနိုင်တဲ့ အခွင့်ရေးကလည်း ထင်သလောက်မလွယ် ဖြစ်နေရပါတယ်။

(၅)

နောက်ဆုံးစိန်ခေါ်မှုတရပ်ကတော့ ဆက်သွယ်ရေး (Communication) ပါပဲ။ ခရီးသွားလာရေးအခက်အခဲ၊ စုဝေးခွင့် အကြီးအကျယ် ထိန်းချုပ်ခံထားရမှုနဲ့ သတင်းပေး၊ ထောက်လှမ်းရေးတို့ရဲ့ ထိုးဖောက်စိမ့်ဝင်လာနိုင်မှု အန္တရာယ်တွေကြောင့် လှုပ်ရှားသူများဟာ တဦးနဲ့တဦး၊ တဖွဲ့နဲ့တဖွဲ့ ဆက်သွယ်ရာမှာ အခက်အခဲ တော်တော်တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီ စတဲ့ ခေါင်းဆောင်မှုများကနေ သာမန် ပြည်သူလူထုအား အသိပေးချင်တာမျိုးကို ဆက်သွယ်ပေါင်းကူးပေးနိုင်စွမ်း လုံလုံလောက်လောက် မရှိသေးတာကလည်း အကန့်အသတ်ကြီးတခုပါပဲ။

**နိဂုံး**

မည်သူ တဦးတယောက်ကမှ အနာဂတ်ကို အတိအကျ ကြိုတင်ဟောကိန်း မထုတ်နိုင်ပါဘူး။ ကျနော်တို့ လုပ်နိုင်တာကတော့ ‘ပြင်ဆင်မှု’ ပါပဲ။ ကျနော်တို့ဘက်က လုံလုံလောက်လောက် မပြင်ဆင်နိုင်ဘူးဆိုရင်တော့ ကိန်းဂဏန်းဗေဒကလည်း ဝင်ကယ်နိုင်စရာ မရှိပါဘူး။ အထက်မှာတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုများက ကျနော်တို့ ပူးပေါင်းမှုရှိရှိနဲ့ စနစ်တကျ ပြင်ရမယ်လို့ သတိပေးနေပါတယ်။

ဒါပေမယ့် ဒီအချိန်မှာ လူထု အာဏာလှုပ်ရှားမှုကြီး ဖြစ်နိုင်ချေရှိတဲ့ ဝန်းကျင်လေထုကတော့ ရှိနေပါပြီ။ ကိုးလေးလုံးဟာ စစ်အာဏာကို ဖြိုဖျက်နိုင်ဖို့ ဗွေဆော်ဦး လှိုင်းပုတ်ချက်ကြီးပဲ ဖြစ်မယ်လို့ မျှော်လင့်နိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပြောဖူးသလိုပါပဲ။ **‘အရေးကြီးတဲ့ အချိန်ရောက်နေပါပြီ။ ညီညီညွတ်ညွတ် လုပ်ကြရအောင်ပါ။’**

❖

**ပြေလွင်ငြိမ်း ချမ်း**

**၂၂–၈–၉၉**



ဘယ်သူမပြု မိမိမှု

## လေးအိမ်တန်းက ဒေါ်လေး စာ

"ဒီမိုကရေစီ၊ အောင်ဆန်းစုကြည်"
"အောင်ဆန်းစုကြည်၊ ဒီမိုကရေစီ"
နားရည်တော့ အတော့်ကိုဝနေပြီ။
ဂဂဏဏသာ မသိတာ
"ဒီမိုကရေစီ"ရရင်
ပေါ်တာကြေး၊ ကင်းကြေး
အဓမ္မလုပ်အားပေးနဲ့ အဓမ္မစပါးဝယ်ယူရေး
စစ်သားစုဆောင်းရေးလည်း မရှိဘူးဆိုဘဲ။
ဒါတင်ဘယ်ကမလဲ
ကျုပ်တို့ပြောချင်တာတွေလည်း
လွတ်လွတ်လပ်လပ် ပြောခွင့်ရမယ်တဲ့။
ဒါကြောင့်မို့လည်း
လူကြိုက်များတာနေမှာ
ကျုပ်တို့ရွာကိုလည်း
အမြန်လာပါစေလို့ ဆုတောင်းနေရတယ်။

ညည်းတို့ ပြောပြောနေတဲ့ "ဒီမိုကရေစီ"
ဘယ်ဆီမှာ ရှိတာတုန်းအေ ...
ရွာမှာတော့
အခုတလော
အတော့်ကို အပြောများတယ်။
ဒါပေမယ့်
ကျယ်ကျယ်တော့ မပြောရဲဘူး
မီးခွက်လေးတွေ မှိတ်ပြီး
တိတ်တိတ်လေး ပြောကြရတာ။

ညည်းတို့ခေတ်
"၈၈"အကြောင်းတွေလည်း ပြောကြ
အခုလည်း"၉၉"မှာ
တမျိုးတော့ ထူးခြားမယ်တဲ့
"ပန်းပန်သူ နန်းစံမှ ပြည်အေးမယ်"
ဒီတဘောင်လေးကြားရင်
"အောင်ဆန်းစုကြည်"မျက်နှာလေးကိုဘဲ
ပြေးပြေးပြီး မြင်ပါတယ်။

ဘယ်နေရာသွားသွား
လူတွေရဲ့ ပါးစပ်ဖျားမှာ
"အောင်ဆန်းစုကြည်""အောင်ဆန်းစုကြည်"နဲ့
တသသလည်း ဖြစ်ကြပါရဲ့
ဒါလည်း
မရဲတရဲ တထိတ်ထိတ်နဲ့ပါ အေ။

မေတ္တာတွေ ဖိတ်လျှံတဲ့ စိတ်သဏ္ဍာန်ဟာ
မိန်းမသားတွေမှာသာ
အများသားရှိတာပါ။
အာဏာရူးတွေဘေးထွက်ပေးမှ
တိုင်းပြည်အေးမှာပါအေ။
ဒီအရေးအတွက်
ကျုပ်တို့လည်း
လက်မနှေးစေရပါဘူး။

တလောကဘဲ ကြားလိုက်ရသေး
ခုနှစ်တန်းကျောင်းသားလေးတယောက်
အိပ်ယာဘေး ကျူထရုံမှာ
ဒေါ်စုပုံလေး ချိတ်လို့
အိပ်နေတုန်းရှိသေး
စစ်ထောက်လှမ်းရေးက ဆွဲသွားလို့
ထောင်(၂) နှစ်တဲ့
မုဆိုးမ အမေကြီးမှာ
ငိုကြီးချက်မနဲ့တော်
ဒီသတင်းကို ကြားတော့
စားမဝင် အိပ်မပျော်နဲ့
ကျုပ်တို့မှာ
လွတ်လပ်စွာ မြတ်နိုးခွင့်လေးတောင်
မရတဲ့ ဘဝပါ။

အကြောင်းထူးရှိရင်ပြောနော်
ကျောကော့အောင် ခံရတာတွေ များပြီး
လုံးပါးပါးပေမယ့်
ညည်းအဒေါ် ကျုပ် မသေသေးဘူး
ဒီမိုကရေစီ အရသာလေးကိုတော့
ခံစားကြည့်ချင်ပါသေးတယ်။ ။

**ခိုင်မာကျော်ဇော**

(မှတ်ချက်။ ။ ဒေါ်လေး၏ ပေးစာအား ကဗျာအဖြစ် ပြန်လည်ခံစားပါသည်။)

**"ကိုယ့်အိမ်ရှေ့ထွက်ပြီးမှ
အိမ်ထဲကအဖေအမေကို ဝင်ရိုက်ခိုင်းတာမျိုးတော့
ထောက်လှမ်းရေးမကလို့ ဘယ်သူခိုင်းခိုင်း မလုပ်နိုင်ဘူး"**

ကြံ့ဖွံ့တ်ခေါင်းဆောင်တဦး ။ ရန်ကုန်မြို့